၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ၊ လစဉ်အစီရင်ခံစာ

လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထား ရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၃၂၇ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၃၅ ဦးအကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၅၆ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၂၃၆ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။

ဓာတ်ပုံ- The Fifth Wave News
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ တွစ်တာစာမျက်နှာ လူမှုကွန်ရက်စာမျက်နှာ

မာတိကာ

နိုင်ငံရေးအကျဉ်းသားများ **3**

ဖမ်းဆီးခံရခြင်းများ **3**

တရားစွဲဆိုခံရခြင်းများ .....Error! Bookmark not defined.

တရားရင်ဆိုင်ရခြင်းများ **5**

ထောင်ဒဏ်ချမှတ်ခံရခြင်းများ **5**

ထောင်တွင်းအခြေအနေများ .....Error! Bookmark not defined.

ထောင်မှလွတ်မြောက်မှုများ .....Error! Bookmark not defined.

နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒ ထုတ်ဖော်မှုများ **8**

လယ်ယာမြေအငြင်းပွားမှုများ **12**

ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ တိုးတက်မှုများ.....**19**

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ **20**

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် **Links**.....**21**

နိုင်ငံရေးအကျဉ်းသားများ

▶ ဖမ်းဆီးခံရခြင်းများ

စရဖ တပ်ကြပ် သေဆုံးမှုအတွက် ဝရမ်းထုတ်ထားသည့် ရခိုင်လူငယ်တစ်ဦးကို ဖမ်းဆီး

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရဲတပ်ဖွဲ့မှ ရခိုင်အမျိုးသားပါတီဝင် တစ်ဦးဖြစ်သော ကိုရဲကျော်(ခ) ကိုနီအောင်ကို သာကေတမြို့နယ်၊ တိုင်းရင်းသားကျေးရွာ၌ ကျင်းပသည့် ရခိုင်ပြည်နယ်နေ့ အခမ်းအနား၌ ဖမ်းဆီးခဲ့သည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် စစ်ဘက်ဆိုင်ရာ လုံခြုံရေး (စရဖ) တပ်ဖွဲ့မှ တပ်ကြပ် ဝင်းထိုက်(ခေါ်) ဖိုးလုံး ပစ်ခတ်ခံရသည့်အမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့မှ ကိုရဲကျော်(ခ) ကိုနီအောင်ကို သံသယရှိခြင်းကြောင့် စစ်ဆေးခံရန် ဖမ်းဝရမ်းထုတ်ထားခြင်းဖြစ်သည်ဟု မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဦးလှစောမှ ပြောကြားခဲ့ သည်။ တပ်ကြပ် ဝင်းထိုက် သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့မှ ခေါ်ယူစစ်ဆေးနေသူ ၁၀ ဦးခန့်ရှိပြီဖြစ်သည်။

ဖမ်းဆီးထားသည့် ကျောင်းသားသုံးဦးကို ချုပ်ရက် ရမန်ယူပြီး မန္တလေးအိုးဘိုထောင်သို့ ပို့ဆောင်

မန္တလေးမြို့ရှိ ရတနာပုံတက္ကသိုလ်အတွင်းနှင့် တက္ကသိုလ် ဝန်းကျင်လုံခြုံရေးနှင့်စပ်လျဉ်း၍ ကျောင်းတွင်းလှုပ်ရှားမှု တွင် ဦးဆောင်ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခြင်း ခံထားရသော ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသ) ၏ ကျောင်းသားခေါင်းဆောင် သုံးဦးဖြစ်သော ကိုသီဟရဲကျော်၊ ကိုရဲမင်းထွန်းနှင့် ကိုရဲမျိုးဆွေတို့ကို ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အမရပူရမြို့နယ်တရားရုံး၌ ချုပ်ရက်ရမန်ယူ၍ မန္တလေးအိုးဘိုထောင်သို့ ပို့ဆောင်ခဲ့ သည်။ ကျောင်းသားများ၏ လုံခြုံရေးကို တိုးမြှင့်ပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးဇာနည်အောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဦးကျော်ကျော်ဝင်း၊ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဦးကျော်ဆွေနှင့် ရတပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်တို့၏ ဓာတ်ပုံများကို အခေါင်းပုံစံပြုလုပ်၍ မီးရှို့သရုပ်ဖော် လှုပ်ရှားမှုကို ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် လုပ်ဆောင် ခဲ့သည့်အတွက် ၎င်းတို့ကို အမရပူရမြို့နယ် အထွေထွေ အုပ်ချုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှ ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၄၃၅၊ ၅၀၅ (ခ)၊ ၁၁၄ ဖြင့်လည်းကောင်း၊ ရတနာပုံ တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးမှ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၅၃ ဖြင့်လည်းကောင်း၊ ရဲတပ်ဖွဲ့မှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စည်တန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ ဖြင့်လည်းကောင်း စုစုပေါင်းငါးမှုဖြင့် အမရပူရမြို့မရဲစခန်း တွင် အမှုဖွင့်ခဲ့သည်။ ထို့ပြင်ဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့ သည်ဟုဆိုကာ ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များဖြစ်ကြသည့် ကိုဘချစ်၊ ကိုဖုန်းမြင့်ကျော်၊ ကိုရဲလင်းအောင်၊ ကိုနေဝင်းကျော်နှင့် ဗကသ ဥက္ကဋ္ဌဟောင်း ကိုနိုင်ရဲဇေတို့ကိုလည်း အလားတူ ပုဒ်မများ ဖြင့် အမှုဖွင့်ခဲ့ကာ ဖမ်းဝရမ်းထုတ်ထားသည်။

ထို့ပြင် ဗကသကျောင်းသားများ၏ ဆန္ဒဖော်ထုတ်မှုတွင် သတင်းသမားများမှ အားပေးအားမြှောက်ပြုကြောင်း ရုက္ခဗေဒ ဌာနပါမောက္ခ ဒေါက်တာခင်သက်ကျော်၏ စွပ်စွဲချက်နှင့်ပတ်သက်၍ မန္တလေးရတနာပုံတက္ကသိုလ် ပါမောက္ခအနေဖြင့် အမြန်ဆုံးဖြေရှင်းပေးရန် မန္တလေး အခြေစိုက် သတင်းသမားများမှ ဒီဇင်ဘာလ ၂၉ ရက်နေ့ တွင် ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ သတင်းသမားများ၏ တာဝန်ကို ဟန့်တား၊ခြိမ်းခြောက် သည့်အပြင် ပဋိပက္ခ ဖြစ်ပွားစေရန် လှုံ့ဆော် ပြောဆို သည့် ကာယကံရှင် ဆရာမအနေဖြင့်လည်းကောင်း၊ ရတနာပုံတက္ကသိုလ် တာဝန်ရှိသူများအနေဖြင့် လည်းကောင်း၊ တစ်ပတ်အတွင်း တရားဝင်ဖြေရှင်း တောင်းပန်ပေးရန်နှင့် တောင်းပန်ခြင်းမပြုလုပ်လျှင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ လည်းကောင်း၊ ဥပဒေကြောင်းအရသော်လည်းကောင်း ဆက်လက်တိုင်ကြားမည်ဖြစ်ကြောင်း မန္တလေးသတင်း သမားများ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

▶ တရားစွဲဆိုခံရခြင်းများ

အလုပ်သမားရေး ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သူကို အမှုဖွင့်

ဒီဇင်ဘာလ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်ရဲစခန်းမှ ရဲမှူးနေမျိုးအောင်မှ မန္တလေးတိုင်း ဒေသကြီးအတွင်း အလုပ်သမားဝန်ကြီး

ခန့်ထားရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များကို ထိရောက်စွာဖြေရှင်းပေးရန် ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့သူ ဦးတင့်ရှိန်စိုးအား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၂၀ ဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတွင် အမှုဖွင့်ခဲ့သည်။ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ဦးတင့်ရှိန်စိုးနှင့် ခုနစ်ဦး ခေါင်းဆောင်သော အလုပ်သမား (၃၀၀) ခန့်သည် ခွင့်ပြုချက်တောင်းခံရာတွင် ပါဝင်ခြင်းမရှိသည့် "သရပါ မတရား အလုပ်ထုတ်ခံရသော အလုပ်သမားခေါင်းဆောင်များ ချက်ချင်းပြန်ခန့်ရန်" စာတမ်းပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထို့ကြောင့် ဦးတင့်ရှိန်စိုးသည် ပုဒ်မ ၂၀ ဖြင့် အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်။

သရပါဟိုတယ် အလုပ်သမားအရေး ဦးဆောင်ဆန္ဒထုတ်ဖော်သူ တစ်ဦး အမှုဖွင့်ခြင်းခံရ

ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ သရပါဟိုတယ်မှ အလုပ်ဖြုတ်ခြင်းခံထားရသည့် အလုပ်သမားများကို အလုပ်ပြန်လည် ခန့်ထားရေးအတွက် တောင်းဆို ဆန္ဒထုတ်ဖော်ခဲ့သော သပိတ်စခန်းကို ဦးဆောင်သူတစ်ဦး ဖြစ်သည့် သရပါဟိုတယ် အခြေခံ အလုပ်သမားသမဂ္ဂအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးဝင်းသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဥပဒေ ပုဒ်မ ၁၉ သုံးမှုဖြင့် အမှုဖွင့်ခြင်းခံထားရသည်။ ၎င်းသည် ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ဒီဇင်ဘာလ ၄ ရက်နေ့နှင့် ဒီဇင်ဘာလ ၅ ရက်နေ့တို့တွင် သုံးကြိမ်တိုင် ဆန္ဒထုတ်ဖော်ခဲ့သည့်အတွက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေး ဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်မှ ညောင်ဦးမြို့ရှိ ပုဂံနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး ဦးကျော်မြင့်ဝေ ဦးဆောင်သည့် ရဲအင်အား ၁၀၀ ကျော်တို့မှ အဆိုပါ သပိတ်စခန်းကို အင်အားသုံးဖြိုခွင်းခဲ့သည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဦးနေမျိုးဝင်းအား ပထမအကြိမ်အဖြစ် ရုံးတင်စစ်ဆေးခဲ့သည်။ တရားစွဲဆိုခံရခြင်းနှင့်ပတ်သက်၍ ဦးနေမျိုးဝင်းမှ ၎င်းသည် ဦးဆောင်သူမဟုတ်သည်သာမက ဟောပြောသူလည်း မဟုတ်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းသည် နားထောင်သူတစ်ဦးသာလျှင်ဖြစ်ပြီး အမှန်တကယ်လုပ်ဆောင်ခဲ့သည့်သူများအား တရားစွဲဆိုခြင်းမပြုဘဲ ၎င်းအား သပိတ်ခေါင်းဆောင်ဟူ၍ တရားစွဲဆိုခဲ့သည်ဟု ထပ်မံ ပြောကြားခဲ့သည်။ သပိတ်စခန်းသည် အလုပ်သမား အဖွဲ့အစည်းဥပဒေ နှင့် ညီညွတ်ခြင်းမရှိသည့်အတွက် ၂၄ နာရီအတွင်း အပြီးပိတ်သိမ်းရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဒီဇင်ဘာလ ၈ ရက်နေ့တွင် စာပေးပို့သတိပေးခဲ့ပြီးနောက် သပိတ်စခန်းဖြိုခွင်းခံခဲ့ရခြင်းဖြစ်သည်။ သရပါဟိုတယ်သည် ဇည့်သည်အဝင်ပါးသည့် အကြောင်းပြချက်ဖြင့် ဝန်ထမ်း ၁၃ ဦးအား အလုပ်ထုတ်ခဲ့သည်နှင့်ပတ်သက်၍ အဆိုပါအလုပ်သမားများမှ အလုပ်ပြန်လည် ရရှိရေးအတွက် ယင်းဟိုတယ်အနီး၌ မြို့နယ်ဟိုတယ် ချစ်သူများအသင်းနှင့် မြို့နယ်အလုပ်သမားသမဂ္ဂတို့ ပူးပေါင်းပီး ထိုင်သပိတ်စခန်းဖွင့်လှစ်ခဲ့သည်။

ကချင်လူငယ်ခေါင်းဆောင် သုံးဦးကို ပြန်လွှတ်ပေးရန် ဆန္ဒထုတ်ဖော်ခြင်းအတွက် တရားစွဲဆိုခြင်းခံရ

အသရေဖျက်မှုပုဒ်မ ၅၀၀ ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော ဦးလွမ်းဇောင်း၊ ကိုဇော်ဂျက်နှင့် ဒေါ်နန်ပူတို့ကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့် တရားမျှတမှုကို ဖော်ဆောင်ပေးရန် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြစ်ကြီးနားမြို့၌ ဆန္ဒထုတ်ဖော်ခဲ့ရာ၌ ဦးဆောင်သူများဖြစ်သော ကိုလမာဆန်အောင်နှင့် ဒေါ်လုဆန်တို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၂၀ ဖြင့် တရားစွဲခြင်းခံထားရသည်။ နားလည်ရန်ခက်ခဲသော အင်္ဂလိပ်စာလုံးများကို ခွင့်ပြုမိန့်မတင်ဘဲ ကိုင်ဆောင်ခဲ့ခြင်းကြောင့် ရဲအရာရှိတစ်ဦးမှ ၎င်းတို့ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အစာငတ်ခံ ဆန္ဒပြခဲ့သည့် ကျောင်းသားကို ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉ ဖြင့် ဖမ်းဆီး၊အမှုဖွင့်

ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် အမှတ် ၁ ရဲစခန်းမှ လားရှိုးမြို့နယ်ခန်းမရှေ့တွင် အစာငတ်ခံဆန္ဒပြနေသည့် လားရှိုး နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုစိုင်းကျော်စောဟန်ကို ဖမ်းဆီးခဲ့ပြီး ငြိမ်းစုံစီ ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့မှ စတင်၍ ကိုစိုင်းကျော်ဇောဟန်သည် ပညာရေးဝန်ကြီးဌာနကို တောင်းဆိုချက် ၇ ချက် တောင်းဆို၍ အစာငတ်ခံ ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ပြီး လားရှိုးမြို့ နည်းပညာ တက္ကသိုလ်ရှေ့တွင် ဆန္ဒပြနေသော်လည်း ထူးခြားမှုမရှိခြင်းကြောင့် လားရှိုးမြို့နယ်ခန်းမရှေ့ကို ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြောင်းရွှေ့ ဆန္ဒထုတ်ဖော်ခဲ့ရာ၌ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

▶ တရားရင်ဆိုင်ရခြင်းများ

ရိုက်တာသတင်းထောက်နှစ်ဦး၏ အယူခံကို ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ကြားနာ

နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဖြင့် ထောင်ဒဏ် ခုနှစ်နှစ် ချမှတ်ခြင်းခံထားရသည့် ရိုက်တာသတင်းဌာန၏ သတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့၏ အယူခံလျောက်ထားချက်ကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ကြားနာခဲ့သည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် ယင်းအယူခံကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်း လျှပ်စစ်စွမ်းအင်ဝန်ကြီးမှ တရားစွဲဆိုထားသည့် ဒေသခံများကို ပထမအကြိမ် ရုံးတင်စစ်ဆေး

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ မီးလင်းရန်အတွက် လျှပ်စစ်ကြိုးဖြတ်သန်းသွယ်တန်း ရာ၌ ကန့်ကွက်မှုများ ပြုလုပ်ခဲ့ခြင်းအတွက် တရားစွဲဆိုခြင်းခံထားရသည့် ဒေသခံများကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပထမဆုံးအကြိမ်အဖြစ် ရုံးတင်စစ်ဆေးခဲ့သည်။ အောင်လံမြို့နယ်ရှိ လုံမော်ကျေးရွာနှင့် ကံမလေးကျေးရွာများ မီးလင်းရန်အတွက် စကြီးကျေးရွာပေါ်၌ လျှပ်စစ်ကြိုးသွယ်တန်းရာတွင် ဒေသခံများမှ ကန့်ကွက်မှုများ ပြုလုပ်ခဲ့ကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများမှ ညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း ပြေလည်မှုမရရှိခဲ့သဖြင့် မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဦးဇော်မြင့်မှ ကန့်ကွက်သူ ဒေသခံ ၅၀ ကျော်ကို အောင်လံမြို့နယ်၊ ဒုရင်ဗိုလ်ရဲစခန်းတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၁၄ နှင့် ၃၅၃ တို့ဖြင့် အမှုဖွင့်ဆိုခဲ့သည်။ သို့သော်လည်း ဒေသခံ ၁၃ ဦးကိုသာ တရားရုံးတင်စစ်ဆေးခဲ့သည်။ ကျေးရွာအာဏာပိုင်များ၊ မီးလင်းရေးကော်မတီ တာဝန်ရှိသူများသည် ကန့်ကွက်ခဲ့စဉ်တွင် ပါဝင်ခဲ့သော်လည်း တရားစွဲဆိုခြင်းခံထားရသူများထဲတွင် ထိုသူများပါဝင်ခြင်းမရှိသည့်အတွက် တရားမျှတမှုမရှိကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ထို့ပြင် လက်ရှိတွင် စကြီးကျေးရွာအား တာဝန်ရှိသူများမှ လျှပ်စစ်မီးဖြတ်တောက် အရေးယူမှုလည်း ပြုလုပ်ထားကြောင်း သိရှိရသည်။

MDCF ၏ ခေါင်းဆောင် ဦးထင်ကျော်၏ အမှုတွင် နှစ်ဖက်လျှောက်လဲချက်တင်

ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ဒီမိုကရေစီအရေး စဉ်ဆက်မပြတ်လှုပ်ရှားမှုအင်အား စုကော်မတီ (MDCF) ၏ ခေါင်းဆောင် ဦးထင်ကျော်၏ အမှုကို ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရန်ကင်းမြို့နယ်တရားရုံး၌ နှစ်ဖက်လျှောက်လဲချက် တင်ခဲ့ပြီး စွဲချက်တင်အမိန့်ကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အမိန့်ချမှတ်မည်ဖြစ်သည်။ ဂရိတ်နိုင်း ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးအိုက်လင်း၏ လုပ်ဆောင်မှုနှင့်ပတ်သက်၍ လက်ရှိအစိုးရ လက်ထက်တွင် အမှုရုပ်သိမ်းခဲ့တဲ့အတွက် ဦးထင်ကျော်မှ ရန်ကင်းမြို့နယ်တရားရုံးရှေ့၌ တရားရေးနှင့် အစိုးရကို ဝေဖန်ပြောဆိုခဲ့သည့်အတွက် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

လွိုင်ကော်တွင် ကန့်ကွက်သူများအမှု စုပေါင်းရုံးဖြင့် တရားရင်ဆိုင်ခွင့်ရ

ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် တည်ဆောက်ခြင်းကို ကန့်ကွက်ခြင်းနှင့် ကရင်နီသမိုင်း အမှန်သိရှိစေရန် စာရွက်ဖြန့်ဝေခဲ့ခြင်း တို့ကြောင့် နိုင်ငံတော် အကြည်ညိုပျက်စေမှုများဖြင့် မြို့နယ်ငါးမြို့နယ်တွင် တရားစွဲဆိုခြင်းခံထားရသော ကိုမျိုးလှိုင်ဝင်း (ခ) ပါစကွားလယ်၊ ဒီးဒီ၊ ခွန်သောမတ်၊ ဖိလစ်စိုးအောင်၊ ခူးကောရီယို၊ ဘွဲ့ထူး၊ ကာမေလား၊ ရိုစီကျော်နှင့် ဖရန့်စစ္စကို စသည့် ကရင်နီလူငယ်များအား ဒီမော့ဆိုမြို့နယ် တရားရုံး တစ်ခုတည်းတွင် တရားရင်ဆိုင်ခွင့်ပြုလိုက်ကြောင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်တရားလွှတ်တော် ဒုတိယတရားသူကြီးမှ အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့သည် ဒီမော့ဆိုမြို့နယ် တရားရုံးအပါအဝင် မြို့နယ်တရားရုံးငါးခုတွင် တရားရင်ဆိုင်ခဲ့ကြရသည်မှာ အစိုးရရုံးဖွင့်ရက်တိုင်းဖြစ်နေသည့်အတွက် စုပေါင်းရုံးဖြင့် တရားရင်ဆိုင်ခွင့်ပြုရန် အောက်တိုဘာလ ၁၇ ရက်နေ့တွင် တင်ပြခဲ့ရာ ၎င်းတို့အားလုံးကို တစ်စုတစ်စည်းတည်းအဖြစ် ဒီမော့ဆိုမြို့နယ်တရားရုံးတွင် ဆက်လက်တရားရင်ဆိုင် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

▶ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

စစ်ရှောင်များကို ကယ်ထုတ်ပေးရေး ဆန္ဒပြသူများကို ထောင်ဒဏ်ချမှတ်

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တရားရုံးမှ ပိတ်မိစစ်ရှောင်များ ကယ်ထုတ်ပေးရန်

ဦးဆောင်ဆန္ဒပြခဲ့သူများဖြစ်သော ဦးဖော်ဂျတ်၊ ဦးလွမ်းဇောင်းနှင့် ဒေါ်နန်ပူတို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် ထောင်ဒဏ်ခြောက်လနှင့် ဒဏ်ငွေ ငါးသိန်းကျပ်စီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းတို့သုံးဦးသည် ဆန္ဒထုတ်ဖော်နေစဉ်အတွင်း တပ်မတော်မှ တစ်ဖက်သတ် ထိုးစစ်ဆင်မှုများကြောင့် ရွာသားများ ထွက်ပြေးရကြောင်း၊ ပိတ်မိနေသည့် ပြည်သူများကို လမ်းဖွင့်ပေးရန် တပ်မတော်၏ တာဝန်သာဖြစ်ကြောင်း၊ လေကြောင်းဖြင့် ပုံးကြဲနေသည်ကို ချက်ချင်းရပ်ဆိုသည့် အသုံးအနှုန်းများကို ထည့်သွင်း သုံးစွဲသည်ဟုဆိုကာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မျိုးမင်းဦးမှ ၎င်းတို့ကို အမှုဖွင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ လွတ်မြောက်ရေးအတွက် တရားရုံးအဆင့်ဆင့်ကို အယူခံတင်သွားမည်ဟု ယင်းအမှုတွင် ရှေ့နေအဖြစ် လိုက်ပါ ဆောင်ရွက်ပေးနေသည့်ဒေါ်ခွဲဘူမှ ပြောကြားခဲ့သည်။ ၎င်းတို့လွတ်မြောက်ရေးအတွက် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားခရိုင်တရားရုံးကို အယူခံတက်ခဲ့ရာ ပလပ်ခြင်းခံခဲ့ရသည်။ ထို့ကြောင့် ပြည်နယ်တရားလွှတ်တော်သို့ အယူခံဆက်တက်ခဲ့ရာ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပြည်နယ်တရား လွှတ်တော်မှ အယူခံပြင်ဆင်ချက်ကို လက်ခံခဲ့သည်။

၎င်းတို့သုံးဦးအား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းအပေါ် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI)၊ ဥရောပသမဂ္ဂ (EU)၊ ရန်ကုန် အခြေစိုက် ဆွီဒင်သံရုံးတို့မှ ရှုတ်ချခဲ့ပြီး တရားရုံး၏ ဆုံးဖြတ်ချက်ကို ချက်ချင်းပြင်ဆင်သုံးသပ်ရန် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။

ငြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကချင်လူငယ် သုံးဦးကို ဒဏ်ငွေချမှတ်

ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တရားရုံးမှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့် (ငြိမ်းစုံစီ)ဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်းခံထားရသော ကချင်လူငယ် ဆန္ဒပြခေါင်းဆောင်သုံးဦးဖြစ်သည့် မဆွတ်ဆိုင်းထွယ်၊ ရှေ့နေ ဆိုင်းခွမ်အောင်၊ ဓမ္မဆရာ ဘရန်မိုင်တို့ကို ဒဏ်ငွေ အသီးသီးချမှတ်ခဲ့သည်။ ကိုဘရန်မိုင်နှင့် ကိုဆိုင်းခွမ်အောင်တို့ နှစ်ဦးကို ငွေဒဏ် ကျပ်သုံးသောင်း စီနှင့် မဆွတ်ဆိုင်းထွယ်ကို ပုဒ်မ ၁၉ နှစ်မှုအတွက် ဒဏ်ငွေ ကျပ် တစ်သိန်း ချမှတ်ခဲ့သည်။ ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် တရားရုံးမှ ပိတ်မိ စစ်ရှောင်များ ကယ်ထုတ်ပေးရန် ဦးဆောင်ဆန္ဒပြခဲ့သူ သုံးဦးကို ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပေါ် ကျေနပ်ခြင်းမရှိသည့်အတွက် ၎င်းတို့သည် မြစ်ကြီးနား မြို့နယ်တရားရုံးမှ မနောကွင်းအထိ ဦးဆောင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထို့ကြောင့် ဆန္ဒထုတ်ဖော်ပွဲကို ကြိုတင် အကြောင်းကြားမှုမရှိဟုဆိုကာ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်မိုးမှ တရားလိုပြုလုပ်ပြီး ၎င်းတို့ကို အမှုဖွင့်ခဲ့သည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်တရားရုံးမှ ၎င်းတို့ကို အာမခံပေးခဲ့ပြီး ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တရားလိုဘက်မှ သက်သေလေးဦးကို စစ်ဆေးခဲ့သည်။

▶ ထောင်တွင်းအခြေအနေများ

ကျိုက်မရော အကျဉ်းထောင်သစ်တွင် အကျဉ်းသား ၆၀ ကျော်ကို စတင်ထိန်းသိမ်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်ရှိ ကျိုက်မရော အကျဉ်းထောင်သစ်တွင် အကျဉ်းသားဦးရေပိုလျှံနေသည့် အကျဉ်းထောင်များမှ အကျဉ်းသား ၆၀ ကျော်ကို စတင်လက်ခံ ထိန်းသိမ်းထားပြီဟု မွန်ပြည်နယ် အကျဉ်းဦးစီးဌာနမှ ပြောကြား ခဲ့သည်။ အကျဉ်းသား ၁၀၀၀ ဆန့်ပြီး (က) အဆင့်ရှိ မော်လမြိုင် အကျဉ်းထောင်သည် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိနေပြီဖြစ်သည့်ပြင် လက်ခံထားသည့် အကျဉ်းသားဦးရေသည်လည်း ၂၀၀၀ ခန့် ရှိသည့်အတွက် ခံနိုင်ဝန်ထက် နှစ်ဆပိုမိုများပြားနေသောကြောင့် ကျိုက်မရော အကျဉ်းထောင်သို့ အကျဉ်းသားများ လွှဲပြောင်း ထိန်းသိမ်းရန် စီစဉ်လျှက်ရှိ သည်ဟု သိရှိရသည်။

▶ ထောင်မှ လွတ်မြောက်မှုများ

ရခိုင်ပြည်နယ်အတွင်းရေးမှူး(ဟောင်း)ကို ဝေဖန်ရေးသားခဲ့ခြင်းအတွက် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့် ဦးအောင်သန်းဝေ လွတ်မြောက်

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အတွင်းရေးမှူး (ဟောင်း) ဦးတင်မောင်ဆွေကို လူမှုကွန်ရက်စာမျက်နှာတွင် ဝေဖန်ရေးသားခဲ့ခြင်းအတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ရေးဥပဒေ ပုဒ်မ ၁၀ နှင့် နိုင်ငံသားဆိုင်ရာ

ခြိမ်းခြောက်မှုအက်ဥပဒေ ပုဒ်မ ၅၀၆ တို့ဖြင့် ပြစ်ဒဏ် ချမှတ်ခြင်းခံထားရသော စစ်တွေမြို့မှ ဦးအောင်သန်းဝေ သည် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ပြစ်ဒဏ်စေ့သဖြင့် စစ်တွေအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ သည်။

လူအခွင့်အရေးရှေ့နေ ဒေါ်ခင်ခင်ကျော် ပြန်လည် လွတ်မြောက်

တာဝန်ဝတ္တရားနှောင့်ယှက်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး ထောင်ဒဏ် ခြောက်လ ချမှတ်ခြင်းခံခဲ့ရသည့် လူအခွင့်အရေး ရှေ့နေ ဒေါ်ခင်ခင်ကျော်သည် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် သာယာဝတီ ဗဟိုအကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းသည် အဆိုပါအမှု နှင့်ပတ်သက်၍ အယူခံဝင်ခဲ့ရာ ခရိုင်တရားရုံးမှ ထောင်ဒဏ်သုံးလ လျော့ချပေးခဲ့ပြီးနောက် ပြစ်ဒဏ်စေ့၍ ပြန်လည်လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

ရန်ကုန်တိုင်း ဝန်ကြီးချုပ်ကို တောင်းပန်ရန် အီလဲဗင်း သတင်းဌာန ငြင်းဆို

ရန်ကုန်မြို့သစ်စီမံကိန်းအကြောင်းရေးသားထားသည့် သတင်းဆောင်းပါးပါ အချက်အလက်တစ်ခု မှားယွင်းနေသည့်အတွက် ပြန်လည်တောင်းပန်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ တောင်းဆိုမှုကို အီလဲဗင်းသတင်းဌာနမှ ငြင်းဆိုခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ အီလဲဗင်းသတင်းဌာန၏ ဆောင်းပါးရှင် ကိုဖြိုးဝေအပါအဝင် အယ်ဒီတာချုပ် ကိုကျော်ဇော်လင်းနှင့် တာဝန်ခံအယ်ဒီတာ ကိုနရီမင်းတို့ကို နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆို ထားသည်ကို ရုပ်သိမ်းပေးခဲ့သော်လည်း ပြန်လည်တောင်းပန်ရန် တောင်းဆိုထားခဲ့သည်။

ရန်ကုန်တိုင်းအစိုးရမှ အမှုရုပ်သိမ်းပေးသည်ကို အီလဲဗင်းသတင်းဌာနအနေဖြင့် ကြိုဆိုသော်လည်း လွှတ်တော်ထဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာအပေါ် မူတည်၍ ရေးသားခဲ့ခြင်းဖြစ်သည့်အတွက် အစိုးရဘက်မှ တောင်းဆိုသလို တောင်းပန်ရန်အစီအစဉ်မရှိကြောင်း တရားစွဲဆို ခံခဲ့ရသည့် အယ်ဒီတာချုပ် ကိုကျော်ဇော်လင်းမှ ပြောကြားခဲ့သည်။

မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအား အဓမ္မပြောင်းရွှေ့ခိုင်းမှုဖြစ်ပွား

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်၊ နားမွန်ကျေးရွာအုပ်စုရှိ ပန်မီရွာ၊ ဝမ်မုတ်ရွာနှင့် ပေါက်ကျောင်းရွာတို့တွင် နေထိုင်ကြသည့် ဒေသခံများကို ဒေသတွင်း လှုပ်ရှားနေသည့် တပ်မတော်ခြေလျင်တပ်ရင်း အမှတ် ၂၉၆ နှင့် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO/PNLA) တို့မှ ပူးပေါင်း၍ အဓမ္မပြောင်းရွှေ့ခိုင်းသည်ဟု သိရှိရသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အဆိုပါအဖွဲ့ နှစ်ဖွဲ့မှ နေရပ်ပြောင်းရွှေ့ရမည့် အိမ်ခြေများကို အစည်းအဝေးခေါ်ဆို၍ ပြောကြားခဲ့ကြောင်း၊ ထို့ပြင် ပြောင်းရွှေ့ရန်အတွက် အချိန်နှစ်ရက်သာပေးမည်ဟုလည်း ပြောကြားခဲ့ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ယင်းဒေသတွင် ပန်ပိကျေးရွာနှင့် ဝမ်မိုင် ကျေးရွာဟူသော ကျေးရွာနှစ်ခုသာရှိရမည်ဟု တပ်မတော်မှ ပြောဆိုခဲ့ကြောင်း ဒေသခံများမှ ထပ်မံပြောကြား ခဲ့သည်။

အင်္ဂါယာဉ်မောင်းသေဆုံးမှုအပေါ် ရဲတပ်ဖွဲ့ဝင်များကို အရေးယူသင့်ကြောင်း လူ့အခွင့်အရေးကော်မရှင် ကြေညာချက်ထုတ်

ဘက်ထရီအိုး သူခိုးဟု သံသယရှိခြင်းခံရသည့် ခရီးသည်များအား တင်ဆောင်လာစဉ် ရဲမှ ဖမ်းဆီးခဲ့ပြီးနောက် စစ်ကြောရေး ကာလအတွင်း သေဆုံးသွားခဲ့သည့် အင်္ဂါယာဉ်မောင်း ကိုအောင်အောင် သေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ပြီး အရေးယူဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) မှ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ထိုသေဆုံးမှုအတွက် စွပ်စွဲခြင်းခံထားရသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံနိုင်ရန် ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေသည်ဟု ကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်မှ ပြောကြားခဲ့သည်။

ABSDF ဒုဥက္ကဋ္ဌ အပါအဝင် သုံးဦးကို သုံးရက်ကြာ ခေါ်ယူစစ်ဆေး

ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့အခြေစိုက်၊ ခြေလျင်တပ်ရင်း (ခလရ) ၁၅ မှ မိုးညှင်းမြို့မရဲစခန်းတွင် ဖမ်းဆီးခြင်းခံထားရသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တပ်ဦး (ABSDF) ၏ မြောက်ပိုင်း ဒုဥက္ကဋ္ဌ ဦးအောင်ဆွေဦး၊ ဗိုလ်မောင်ဦးနှင့် အရပ်သား ကိုသန်းထိုက်အောင်တို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။ သုံးရက်ကြာ စစ်ဆေးခဲ့ပြီးနောက် ၎င်းတို့ကို မိုးညှင်းမြို့မရဲစခန်းအချုပ်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။ ABSDF ၏ မြောက်ပိုင်း ဒုဥက္ကဋ္ဌ ဦးအောင်ဆွေဦးသည် ABSDFတွင် တာဝန် ထမ်းဆောင်နေသည့် ရဲဘော်တစ်ဦးသည် မိုးညှင်းမြို့တွင် ကွယ်လွန်သွားခဲ့သဖြင့် ပြန်တမ်းစာလာဖတ်ခြင်းဖြစ်ပြီး နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ၎င်းတို့သည် မိုးညှင်းမြို့၊ ရွာသစ်ကုန်းကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ၎င်းတို့သုံးဦးကို မိုးညှင်းမြို့နယ်တရားရုံးတွင် မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် စတင်၍ ရုံးထုတ်စစ်ဆေးခဲ့သည်။

ဇရာဝတီဘဏ်ဝန်ထမ်းကို ရိုက်နှက်မှုနှင့်ပတ်သက်၍ စစ်ဆေးနေ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့ရှိ ဇရာဝတီဘဏ်၏ ဝန်ထမ်း ကိုကျော်စွာဝင်း ရိုက်နှိက်ခြင်းခံခဲ့ရသည့်ကိစ္စအတွက် အမှုမှန်ပေါ်ပေါက်ရန် စုံစမ်းစစ်ဆေးနေသည်ဟု တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး စိန်ဝင်းမှ ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ATM စက်ရှေ့၌ ငွေထုတ်ရန် ကိုကျော်စွာဝင်းသည် ၎င်း၏ သူငယ်ချင်း ခြောက်ဦးနှင့်အတူ စောင့်ဆိုင်းနေစဉ်တွင် အဏ္ဏဝါရပ်ကွက် အုပ်ချုပ်ရေးမှူး၊ ဒုရဲအုပ်နှင့် မီးသတ်တပ်ဖွဲ့တို့ပါဝင်သော လူဦးရေ ၁၀ ဦးခန့်သည် ၎င်းအား ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ခဲ့သည်။ ထိုးကြိတ်ခံရသဖြင့် ကိုကျော်စွာဝင်းသည် မျက်နှာဖူးရောင်၊ လည်ပင်းဖူးရောင်နှင့် နောက်ကျော ပေါက်ပြဒဏ်ရာများ ရရှိသဖြင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှု ခံယူခဲ့ရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ကာယကံရှင် ကိုကျော်စွာဝင်းမှ တနင်္သာရီတိုင်းဒေသကြီး ရဲစခန်းသို့ တိုင်ကြားခဲ့ရာတွင် ရဲအရေးပိုင်ဟုဆိုကာ ကျူးလွန်သူများကို အမှုဖွင့်အရေးယူပေးခြင်းမရှိဟု ပြောကြားခဲ့သည်။ ထို့နောက် လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ၎င်းနှင့်ပတ်သက်သည့် CCTV ဗွီဒီယိုကို တင်ခဲ့ပြီးသည့်နောက်တွင်မူ ရဲစခန်းမှ ပုံစက၊ ခ ဟူ၍ တရားရုံးသို့ လျှောက်ခွင့်တင်ဟုဆိုတာ တင်ပေးခဲ့သည်။ တရားသူကြီးမှ အဆိုပါ ရဲစခန်းသို့ ၎င်းအမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်အတွက် ပြန်လည်လွှဲချခဲ့ကြောင်း ကိုကျော်စွာဝင်းမှ ပြောကြားခဲ့သည်။ ရုံးချိန်းကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ချိန်းဆိုခဲ့သည်။

အလုပ်သမားဥန်ကြီး ခန့်အပ်ပေးရန် ဆန္ဒပြတောင်းဆို

အလုပ်ရှင်နှင့် အလုပ်သမားများကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း အလုပ်သမားဥန်ကြီးတစ်ဦးကို ခန့်အပ်ပေးရန်နှင့် အစိုးရတာဝန်ရှိသူများမှ အလုပ်သမားအရေးကို အလေးထားဆောင် ရွက်ပေးရန် ဒီဇင်ဘာလ ၉ ရက်နေ့တွင် မန္တလေးမြို့၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အလုပ်သမား ၇၀၀ ကျော်မှ ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ထို့ပြင် ဆန္ဒပြအလုပ်သမားများမှ အလုပ်သမားသမဂ္ဂခေါင်း ဆောင်များကို အလုပ်ထုတ်ပယ်ခြင်းများ ရပ်တန့်ပေးရန်၊ စက်ရုံအလုပ်ရုံများကို ဥပဒေနှင့်အညီ စစ်ဆေးပေးရန်၊ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် အလုပ်သမားဝန်ကြီး ခန့်ပေးရန်နှင့် အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်း ပွားမှုများအတွက် ဖြေရှင်းပေးရေးဥပဒေကို အမြန်ဆုံး ပြင်ဆင်ပေးရန် စသည်တို့ကို တောင်းဆိုခဲ့ကြသည်။

ကချင်လူငယ်ခေါင်းဆောင် သုံးဦးကို ပြန်လွှတ်ပေးရန် ဆန္ဒထုတ်ဖော်

တပ်မတော်အား အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသော ဦးလွမ်းဇောင်း၊ ကိုဇော်ဂျက်နှင့် ဒေါ်နန်ပူတို့ကို ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရန်နှင့် တရားမျှတမှုကို ဖော်ဆောင်ပေးရန် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် မြစ်ကြီးနားမြို့၌ လူအင်အား ခြောက်ထောင်ခန့်မှ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ကချင်လူငယ်များ၊ ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဒေသခံများ ပါဝင်သည့် လူအင်အား ခြောက်ထောင်ခန့်သည် ခွင့်ပြုချက်ဖြင့် မနောကွင်းမှ မြို့တစ်ပတ်လှည့်လည်၍ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

မတရားဖမ်းဆီးရိုက်နှက်ခဲ့သည့် သံဆိပ်ရဲကင်းမှူးကို အရေးယူခြင်းမရှိ၍ ရဲစခန်းရှေ့တွင် ဆန္ဒထုတ်ဖော်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်ရှိ သံဆိပ်ကင်းရဲကင်းမှူး ဒဲအုပ်ထွန်းကိုကိုလွင်မှ မတရားဖမ်းဆီးပြီး ရဲစခန်းအတွင်း လက်ထိတ်ခတ်ကာ ဒူးထောက်ထိုင်ခိုင်း၍ ရိုက်နှက်ခဲ့သည့်အပေါ် တိုင်ကြားထားသော်လည်း အရေးယူဖြေရှင်းပေးခြင်း မရှိသည့်အတွက် ရွှေကျင်မြို့နယ်၊ ကျောက်တန်းကျေးရွာနေ ဇနီးမောင်နှံနှစ်ဦးမှ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရွှေကျင်မြို့မ ရဲစခန်းရှေ့၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၅ ရက်နေ့၊ ည ၁၁ နာရီအချိန်တွင် ၎င်းတို့ဇနီးမောင်နှံနှစ်ဦး အိပ်ပျော်နေစဉ် သံဆိပ်ကင်း ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ နေအိမ်သို့ လာရောက်၍ နေ့ဘက်၌ တစ်ရွာတည်းသားချင်းနှင့် စကားများသည့်ကိစ္စနှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူ ကိုဇော်မြတ်လင်းကို လက်ထိတ်ခတ်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဇနီးဖြစ်သူ မစုမှ ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ သံဆိပ်ရဲစခန်းသို့ လိုက်သွားခဲ့ရာ ၎င်း၏ ခင်ပွန်းတွင် ဘယ်ဘက်မျက်လုံး ဖူးရောင်ဒဏ်ရာ၊ မျက်နှာညိုမည်းဒဏ်ရာ၊ တုတ်ဖြင့် ကျောကို ရိုက်ထားသည့်ဒဏ်ရာ၊ ဝမ်းပိုက်ကို ကန်ထားသည့် ဒဏ်ရာနှင့် နှာခေါင်းမှ သွေးယိုစီးကျသည့် ဒဏ်ရာများကို တွေ့ရှိခဲ့ရသည်ဟု ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ၎င်းမှ ရွှေကျင်မြို့ရှိ ရွှေကျင်သတင်းထောက် ဦးမျိုးဝင်းထံသို့ ဖုန်းဆက်အကူအညီ

တောင်းခဲ့သည်ကို ရဲကင်းမှူးမှ မြင်သွားခဲ့ပြီးနောက် ၎င်းကိုပါ ဖမ်းဆီးခဲ့ပြီး ယောကျ်ားများသာရှိနေသော အချုပ်ခန်းထဲသို့ ထည့်ခဲ့ကြောင်း မစုမှ ပြောကြားခဲ့သည်။ ထို့နောက် ရွှေကျင်မြို့မရဲစခန်းမှူးအား သံဆိပ်ရဲကင်း၌ လင်မယားနှစ်ယောက် မတရားဖမ်းဆီးခြင်းခံရပြီး ရိုက်နှက်ခြင်းခံရသည်ဟု လှမ်းအကြောင်းကြားမှသာလျှင် ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဦးမျိုးဝင်းမှ ပြောကြားခဲ့သည်။ ရိုက်နှိက်ခြင်းခံထားရသော ကိုဇော်မြတ်လင်းသည် ဆေးရုံ၌ ၁၂ ရက်ကြာ ဆေးကုသမှုခံယူခဲ့ပြီး ငွေကြေးမပြည့်စုံခြင်းကြောင့် ဆေးရုံမှ ဆင်းခဲ့ရသော် လည်း ယခုချိန်ထိ ဒဏ်ရာသက်သာခြင်းမရှိသေးပါ။ ထို့ပြင် ရွှေကျင်မြို့မစခန်းမှူးမှ ယင်းပြဿနာကို ဖြေရှင်းပေးမည်ဟု ပြောဆိုခဲ့သော်လည်း ယခုအချိန်ထိ ဖြေရှင်းပေးခြင်းမရှိပါ၊ သို့ဖြစ်၍ ၎င်းတို့သည် ယခုကဲ့သို့ ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်။

အလုပ်သမားသပိတ်စစ်ကြောင်းကို ဖြိုခွင်း၍ ၁၃ ဦးကို ဖမ်းဆီး၊ တရားစွဲဆိုပြီးနောက် အာမခံပေး

ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ သရပါဟိုတယ်မှ အလုပ်ဖြုတ်ခြင်းခံထားရသည့် အလုပ်သမားများကို အလုပ်ပြန်လည် ခန့်ထားရေးအတွက် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပုဂံမှ နေပြည်တော်ထိ ချီတက်တောင်းဆိုကြသည့် အလုပ်သမား၊ ကျောင်းသားအင်အား ၅၀ ပါဝင်သော သပိတ်စစ်ကြောင်းကို ညောင်ဦးမြို့အထွက် ကျောက်ကူးကွေ့အနီး၌ ညောင်ဦး မြို့နယ်ရဲတပ်ဖွဲ့မှ အကြမ်းဖက်ဖြိုခွဲခဲ့ပြီး ၁၃ ဦးကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ရဲမှူးကျော်မြင့်ငွေမှ တရားလိုပြုလုပ်၍ ကိုကောင်းသူရ အပါအဝင် ၁၃ ဦးအား ငြိမ်း၊စု၊စီဥပဒေ ပုဒ်မ ၁၉ ဖြင့် ညောင်ဦးမြို့နယ်တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ဒီဇင်ဘာလ ၁၃ ရက်နေ့ညနေတွင်ပင် ညောင်ဦးမြို့နယ်တရားရုံးမှ ၎င်းတို့ကို အာမခံပေးခဲ့သည့်အတွက် ၎င်းတို့သည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဖမ်းဆီး၊ တရားစွဲဆိုခြင်းခံထားရသည့် ၁၃ ဦးအနက်မှ ကျောင်းသား သုံးဦးသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ၊ အလုပ်သမားတစ်ဦးသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂတို့မှ ဖြစ်ကြပြီး အလုပ်သမား ငါးဦးသည် မွန္တလေးမှ လာရောက်ပူးပေါင်းသူများဖြစ်ကြကာ အလုပ်သမား လေးဦးသည် သရပါဟိုတယ်မှ အလုပ်ထုတ်ခံရသူများ ဖြစ်ကြသည်။ သရပါဟိုတယ်မှ အလုပ်ထုတ်ခံခဲ့ရသည့် အလုပ်သမားများသည် ၎င်းတို့အား အလုပ်ပြန်လည်ခန့်အပ်ရန် အောက်တိုဘာလ ၁၂ ရက်နေ့မှစတင်၍ သပိတ်စခန်းဖွင့်တောင်းဆိုခဲ့ပြီး နှစ်လအကြာ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် သပိတ်စခန်းသည် အင်အားသုံး ဖြိုခွင်းခြင်းခံခဲ့ရသည်။ ထိုသို့အကြမ်းဖက်ဖြိုခွင်းခြင်းကို ကျေနပ်ခြင်းမရှိသည့် အလုပ်သမားများမှ နေပြည်တော်ထိ ချီတက်ဆန္ဒပြရန် ဆုံးဖြတ်ခြင်းဖြစ်သည်ဟု သရပါဟိုတယ် အလုပ်သမား တစ်ဦးဖြစ်သည့် ကိုနေမျိုးဝင်းမှ ပြောကြားခဲ့သည်။

လူအခွင့်အရေးကော်မရှင်မှ တိုင်ကြားစာ သုံးထောင်ခန့် လက်ခံရရှိ

မြန်မာနိုင်ငံအမျိုးသား လူအခွင့်အရေးကော်မရှင် (MNHRC) သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလ အထိ တိုင်ကြားစာ စုစုပေါင်း ၂,၈၁၈ စောင် လက်ခံရရှိခဲ့သည်။ ထိုတိုင်ကြားစာများအနက်မှ တိုင်ကြားစာ ၉၆၆ ကျော်ကိုသာ စိစစ်ဆောင်ရွက်နိုင်ခဲ့ပြီး တိုင်ကြားချက်တချို့နှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ ညှဉ်းပန်း နှိပ်စက်ခံရမှုများ၊ မတရားဖမ်းဆီးချုပ်နှောင်ခံရမှုများ၊ သိမ်းဆည်းခံမြေယာပြဿနာများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် လူသေဆုံးမှုများ စသည့်လူအခွင့်အရေးချိုးဖောက်ခံရမှုများကို ကော်မရှင်သို့ တိုင်ကြားလာခြင်းဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။

ဝိုလ်ကြီးတစ်ဦး၏ ရိုက်နှက်ခြင်းခံရသည့်အတွက် အမှုဖွင့်သော်လည်း စခန်းမှူးမရှိ၍ မတူပီရဲစခန်းမှ အမှုလက်မခံ

ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်၍ ဝိုလ်ကြီး ပြည့်စုံမင်းမှ ကျောင်းဆရာမ နဘောင်အပေါ် ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့ခြင်းအတွက် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မတူပီရဲစခန်း၌ အမှုဖွင့်ခဲ့သော်လည်း စခန်းမှူးမရှိဟု ဆိုကာ မတူပီရဲ စခန်းမှ အမှုကို လက်ခံခြင်းမရှိကြောင်း ရိုက်နှက်ခြင်းခံခဲ့ရသူ ဆရာမ နဘောင်မှ ပြောကြားခဲ့သည်။ ဆရာမနဘောင်သည် မတူပီမြို့ရှိ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဝိုလ်ကြီး ပြည့်စုံမင်းမှ ဆရာမနဘောင်အပေါ် ကိုယ်ထိလက် ရောက်ကျူးလွန်ခြင်းဖြစ်သည်ဟု ဆရာမနဘောင်မှ ပြောကြားခဲ့သည်။

ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်အမှုအတွက် အာဏာပေး စာချွန်တော်တင်မည်

ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်အား ချမှတ်ခဲ့သည့် ပြစ်ဒဏ်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အတွက် အာဏာပေး စာချွန်တော်တင်မည်ဖြစ်ကြောင်း ရှေ့နေဖြစ်သူ ဦးရောဘတ်ဆန်းအောင်မှ ပြောကြားခဲ့သည်။ လျှောက်ထားမှုကို ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူ

ကြီး သုံးဦးပါဝင်သည့် ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့မှ လျှောက်ထားခံရသူကို ဆင့်ခေါ်ကာ လျှောက်ထားလွှာအား လက်ခံခြင်း ပြု၊မပြု အမိန့်ချမှတ်ရမည်ဖြစ်ကာ ကနဦးအဖွဲ့မှ လက်ခံပါက အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့မှ ထပ်မံကြားနာစစ်ဆေးရမည်ဖြစ်သည်။ အပြီးသတ်အဖွဲ့တွင် တရားသူကြီး သုံးဦးပါဝင်၍ အမိန့်ချမှတ်ရမည်ဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်ဟု ဥပဒေတွင် ပါရှိသည်။

ရိုက်တာသတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့အား ရဲတပ်ဖွဲ့မှ အမှုဆင်ကာ ဖမ်းဆီးခဲ့ကြောင်း တရားရုံးတွင် ဖွင့်ချထွက်ဆိုခဲ့သည့် ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်သည် ရဲစည်းကမ်း ထိန်းသိမ်းရေးအက်ဥပဒေ ၁၆(ခ)/၂၂ ဖြင့် ဇပြိုလအတွင်းတွင် ထောင်ဒဏ်တစ်နှစ် ချမှတ်ခြင်းခံခဲ့ရပြီး ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်သည် ရိုက်တာသတင်းထောက် နှစ်ဦးအား ရဲတပ်ဖွဲ့မှ မဖမ်းဆီးမီ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ ညနေပိုင်းကတည်းက ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်သည် ရက်ပေါင်း ၁၂၀ ကျော်ကြာ ရဲတပ်ရင်းအချုပ်များတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရကာ မိသားစုနှင့်လည်း တွေ့ခွင့် မရခဲ့ကြောင်းနှင့် ထောင်ဒဏ်ချမှတ်ခံထားရစဉ်တွင်လည်း ချုပ်ရက်များကို ခံစားခွင့်များ မရှိခဲ့ကြောင်း ဇနီးဖြစ်သူ မတူးတူးမှ ပြောကြားခဲ့သည်။

စစ်ဘေးရှောင်များအား အစားအသောက်ကူညီရန် သွားပေးသည့် ပရဟိတအဖွဲ့များ တားမြစ်ခြင်းခံရ

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ယိုးချောင်းဒေသ၊ သလူချောင်းကျေးရွာရှိ စစ်ရှောင်ဒုက္ခသည်စခန်းသို့ ကူညီကယ်ဆယ်ရေးပေးရန် သွားရောက်ခဲ့သည့် ကျောက်တော်လူငယ်အဖွဲ့ကို ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တောင်မင်းကုလားရွာရှိ စစ်တပ်မှ တားမြစ်ခဲ့ပြီး လူစာရင်းနှင့် မှတ်ပုံတင်နံပါတ်များကို တောင်းခဲ့ကြောင်း ကျောက်တော်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်မှ ပြောကြားခဲ့သည်။ ထိုသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်ပေးမည့်အဖွဲ့အား ခွင့်မပြုခြင်းသည် စစ်ရှောင်များအနေဖြင့် နစ်နာကြောင်း ၎င်းမှ ထပ်မံ ပြောကြားခဲ့သည်။

တောင်မင်းကုလားကျေးရွာတွင် တပ်မတော်မှ ယာယီတပ်စခန်းချထားကာ အသွားအပြန် ခရီးသည်များအား စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ယိုးချောင်း အထက်ပိုင်းဒေသတွင်ရှိသော ကန်စောက်၊ သလူချောင်း၊ ဂ/စရိုင်းကိုင်း၊ ကျွန်းသာယာ၊ ပညာဝ စသည့် ကျေးရွာများတွင် စစ်ဘေးရှောင်ဒုက္ခသည် အများအပြားရှိနေပြီး ၎င်းတို့သည် စားနပ်ရိက္ခာနှင့် အဝတ်အထည်များ လိုအပ်လျက်ရှိသည်။

ရှမ်းပြည်နယ်တွင် သတင်းရယူပိုင်ခွင့် အခက်အခဲများစွာရှိနေကြောင်း သတင်းမီဒီယာအဖွဲ့များ ပြောကြား

ရှမ်းပြည်နယ်တွင် သတင်းရယူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၌ အခက်အခဲများစွာရှိနေသေးကြောင်း ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တောင်ကြီးမြို့၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော ရှမ်းသံတော်ဆင့် သတင်းဌာန၏ ၁၇ နှစ်ပြည့် အခမ်းအနား၌ ရှမ်းပြည်နယ် အခြေစိုက် သတင်းမီဒီယာများမှ ပြောကြားခဲ့သည်။ ရှမ်းပြည်နယ်တွင် လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာများနှင့် တရားရုံးများတွင် သတင်းရယူခြင်းဆိုင်ရာ အခက်အခဲများစွာရှိနေပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများထက် မတူညီသည့်အချက်သည် လက်နက်ကိုင်တပ်ဖွဲ့များစွာရှိနေခြင်း၊ ပဋိပက္ခများ ဖြစ်ပွားနေခြင်းတို့အပြင် ရှမ်းပြည်နယ်သည် နယ်မြေဧရိယာကျယ်ဝန်းသည့်အတွက် တိုင်းရင်းသားလူမျိုးစုများစွာနေထိုင်ခြင်း၊ တိုက်ပွဲများဖြစ်ပွားနေခြင်းတို့ကြောင့် သတင်းရေးသားထုတ်ဖော်ခြင်း ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်နေသော သတင်းထောက်များ၏ လုံခြုံရေးဆိုင်ရာ အန္တရာယ်များရှိနိုင်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် သတင်း မီဒီယာရယူပိုင်ခွင့် ဆုံးရှုံးမှု အများဆုံးဖြစ်သော ပြည်နယ်တစ်ခုဖြစ်နိုင်ကြောင်း သတင်းဌာနအယ်ဒီတာများမှ သုံး သပ်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အခြေစိုက် သတင်းဌာနများ၊ အရပ်ဘက်အဖွဲ့ အစည်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များနှင့် စိတ်ပါဝင်စားသူများမှ တက်ရောက်ခဲ့ကြသည်။

ဖမ်းဝရမ်းထုတ်ထားသည့် ဖခင်ကို မတွေ့ရှိသည့်အတွက် သမီးဖြစ်သူကို ဖမ်းဆီး

ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ချောင်းလမုကျေးရွာ၌ နေထိုင်သူ ဦးအောင်မင်းလွင်ကို မူးယစ်ဆေးဝါးမှုဖြင့် ဝရမ်းထုတ် ဖမ်းဆီးရန် သွားခဲ့ရာတွင် တွေ့ရှိခြင်းမရှိသည့်အတွက် ၎င်း၏သမီးဖြစ်သူကို ဖမ်းဆီးအရေး ယူထားသည်ဟု တနင်္သာရီမြို့နယ်

ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲခေါင်မြင့်မှ ပြောကြားခဲ့သည်။ ဦးအောင်မင်းလွင်၏ သမီးဖြစ်သူကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဥပဒေ ပုဒ်မ ၁၉ (က) ဖြင့် တနင်္သာရီမြို့မ ရဲစခန်းတွင် ဖမ်းဆီးအရေးယူထားသည်။

ပေါ်တာဆွဲခြင်း ပြုလုပ်ခြင်းမရှိဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ပြောကြား

ရခိုင်ပြည်နယ်တွင် တပ်မတော်ဘက်မှ ပေါ်တာဆွဲခြင်း မရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေး ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်မှ ပြောဆိုခဲ့သည်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ စည်တောင်ကျေးရွာဒေသခံ ၁၀ ဦးနှင့် ရသေ့တောင်မြို့နယ်၊ ရေကြောင်းချောင်းရွာသားနှစ်ဦးကို တပ်မတော်မှ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ခေါ်ဆောင်ခဲ့ပြီး အဆိုပါနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့ရာ တပ်မတော်မှ ပေါ်တာဆွဲသည်ဟူသော ပြောဆိုဝေဖန်ခြင်းများအပေါ် တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်သည်။ တပ်မတော်မှ ဒေသခံတောင်သူ ၁၂ ဦးကို လယ်ကွင်းအတွင်း စပါးရိတ်နေစဉ်တွင် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး စစ်ကြောင်းနှင့်အတူ အုပ်စုခွဲ၍ လိုက်ပါခဲ့ရကြောင်း ကိုယ်တိုင် ခေါ်ယူစစ်ဆေးမေးမြန်းခြင်းခံရသူ စည်တောင်ကျေးရွာသား ဦးမောင်မောင်အေးမှ ပြောကြားခဲ့သည်။

လူသတ်မှုဖြင့် စွပ်စွဲခံထားရသည့် တပ်မတော် အရာရှိ မော်လမြိုင်တွင် တရားရင်ဆိုင်

ရေးမြို့နယ်၊ ကုလားဂုတ်ကျွန်း၌ မေလအတွင်း တပ်မတော် အရာရှိတစ်ဦးမှ အရပ်သားတစ်ဦးကို ဖမ်းဆီးသတ်ဖြတ် ခဲ့ကြောင်း စွပ်စွဲထားသောအမှုကို မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ ဖြင့် ဒီဇင်ဘာလ ၁၈ ရက်နေ့၌ ထပ်မံ ကြားနာစစ်ဆေးခဲ့သည်။ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထိုအမှုကို ပထမအကြိမ် ကြားနာစစ်ဆေးခဲ့ပြီးဖြစ်သည်။ မေလ ၁၆ ရက်နေ့တွင် မွန်ပြည်နယ်၊ ရေးမြို့နယ် အခြေစိုက် ခမရ ၅၈၇ မှ ဗိုလ်ကြီးအောင်ကိုကိုမင်းမှ ရေးမြို့နယ်၊ ကုလားဂုတ်ကျွန်း၊ အလပ်ဆိပ်တွင်နေထိုင်သူ ကိုတင်စိုးမြင့်ကို မှတ်ပုံတင် စစ်ဆေးရန် ခေါ်ဆောင်သွားခဲ့ပြီး နောက် သေနတ်ဖြင့် ပတ်ခတ်ခဲ့၍ ကိုတင်စိုးမြင့် သေဆုံးခဲ့သည်။ မေလ ၁၈ ရက်နေ့တွင် သေဆုံးသူ ကိုတင်စိုးမြင့်၏ ဇနီးဖြစ်သူ မခင်ဆွေတင့်မှ ဗိုလ်ကြီး အောင်ကိုကိုမင်းအား ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် လမိုင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

▶ လယ်ယာမြေအငြင်းပွားမှုများ

ကက်သလစ်ဘုရားကျောင်းမြေ သိမ်းခံရခြင်းနှင့်ပတ်သက်၍ တိုင်ကြားစာပေးပို့နိုင်ရန် လက်မှတ်များ ကောက်ခံ

ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် မယ်စဲ့ကက်သလစ်ခရစ်ယာန် သာသနာအကျိုးဆောင်တို့ကြား အငြင်းပွားနေသော ကယားပြည်နယ်၊ မယ်စဲ့မြို့ရှိ မြေကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ထံသို့ တိုင်ကြားစာပေးပို့နိုင်ရန်အတွက် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျောင်းထိုင်ဘုန်းတော်ကြီး ရစ်ချက်သူရထွန်းမှ ဦးဆောင်၍ မယ်စဲ့မြို့ခံ ၅၀၀ ကျော်၏ လက်ဗွေနှင့် လက်မှတ်များကို ကောက်ခံခဲ့သည်။ သိမ်းဆည်းခြင်းခံထားရသည့်မြေသည် အများပိုင် ကက်သလစ် သာသနာ့နယ်မြေဖြစ်ပြီး မယ်စဲ့မြို့ခံပြည်သူများမှ မဲပေးရွေးချယ်ခဲ့သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယ်လ်ဖောင်းရှိ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည့်အချိန်တွင် ၎င်းမှ လုပ်ပိုင်ခွင့်အာဏာများကို တလွဲအသုံးပြု၍ မြေပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများကို တစ်ဖက်သတ်ပြုလုပ်ခဲ့ခြင်းသည် အာဏာပြအနိုင်ကျင့်သည့် လုပ်ရပ်ဖြစ်သည့်အတွက် ယင်းမြေကို အမြန်ဆုံးပြန်လည် ရရှိနိုင်ရန် လက်မှတ်ရေးထိုး တောင်းဆိုရခြင်းဖြစ်သည်ဟု ဘုန်းတော်ကြီး ရစ်ချက်သူရထွန်းမှ ပြောကြားခဲ့သည်။

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလကတည်းက ယင်းမြေကို သာသနာ့နယ်မြေအဖြစ် မယ်စဲ့မြို့နယ် မြေစာရင်းဌာနမှ သတ်မှတ်ပေးခဲ့ပြီး ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ ရက်စွဲဖြင့် မြေစာရင်းပုံစံ ၁၀၅ ကို ရရှိခဲ့ကြောင်း သိရှိရသည်။

အမှတ်(၂) ချစ်ကြည်ရေးတံတား စီမံကိန်း အငြင်းပွားမှု ဥပဒေအတိုင်း ဖြေရှင်းသွားမည်ဟု ဝန်ကြီးဧာပြည်သာပြော

ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖားအံမြို့နယ်၌ ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဧာပြည်သာမှ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားစီမံကိန်း၏ ဇရိယာအတွင်းတွင်ပါဝင်၍ အိမ်ဖြိုဖျက်ခြင်းခံခဲ့ရသည့် အိမ်ပိုင်ရှင်ခြောက်ဦးနှင့် ညှိနှိုင်းရာတွင် ပြေလည်မှုမရရှိသေးသော်လည်း ဥပဒေအတိုင်း ဆက်လက်ဖြေရှင်းသွားမည်ဟု ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့နှင့် မြဝတီမြို့ကို ဆက်သွယ်ထားသော

အမှတ် (၂) တံတားစီမံကိန်း၏ လမ်းကြောင်းနှင့် မလွတ်ကင်းသော အိမ်ပိုင်ရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သော်လည်း ပြေလည်ခြင်းမရှိသောကြောင့် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဥပဒေ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါအိမ်များကို အင်အားသုံးဖယ်ရှားမှုများ ပြုလုပ်ခဲ့ရ သည်ဟု တာဝန်ရှိသူများမှ ပြောကြားခဲ့သည်။

ထိုနေအိမ်ခြောက်လုံးကို အိမ်ဂရန်များမရှိ၍ နိုင်ငံတော်မြေတွင် ကျူးကျော်နေထိုင်သည်ဟုဆိုကာ အာဏာပိုင်များမှ လျော်ကြေးပေးလျော်မှုမရှိဘဲ ဖြိုဖျက်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ နေအိမ်ဖြိုချခြင်းခံရသူများကို အစိုးရမှ ပြောင်းရွှေ့စရိတ်အဖြစ် အိမ်တစ်လုံးကို ငွေကျပ် သိန်း ၆၀ မှ သိန်း ၁၀၀ ကြားပေးမည်ဟု ပြောဆိုသည့်အတွက် နေအိမ်ပိုင်ရှင်များမှ လက်မခံခြင်းဖြစ်သည်ဟု သိရှိရသည်။ လျော်ကြေးယူထားခြင်းမရှိဘဲ အင်အားသုံး၍ နေအိမ်ဖြိုချခြင်းခံခဲ့ရသော အိမ်ပိုင်ရှင်များမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ကို တိုင်ကြားခဲ့သည့်အတွက် ဒီဇင်ဘာလ ၂၄ ရက်နေ့ MNHRC မှ အိမ်ပိုင်ရှင်များကို သွားရောက်တွေ့ဆုံ၍ စစ်ဆေးခဲ့သည်။ စီမံကိန်းဇရိယာအတွင်း ပါဝင်ခဲ့သည့် အိမ်ထောင်စု ၉၁ လုံးအတွက် မြေယာလျော်ကြေးများကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လခန့်တွင် မြဝတီမြို့၌ ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း လျော်ကြေးမယူသည့် အိမ်ထောင်စုငါးစု ကျန်ရှိနေသေးသည်။ ယင်းစီမံကိန်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှ စတင် အကောင်အထည်ဖော်ခဲ့သည်။ လက်ရှိ တံတားပြင်ဆင်ဆောင်ရွက်မှုသည် ရာနှုန်းပြည့်နီးပါးရှိပြီးဖြစ်၍ ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဖွင့်လှစ်သွားနိုင်ရန် နှစ်နိုင်ငံအစိုးရမှ စီစဉ်ထားသည်။

လေယာဉ်ကွင်းမြေလျော်ကြေး ငါးဆတိုးမြှင့်ပေးရန် တောင်သူများ တောင်းဆို

ဒီဇင်ဘာလ ၄ ရက်နေ့တွင် အစိုးရနှင့် တောင်သူများတွေ့ဆုံညှိနှိုင်းပွဲ၌ မြေယာလျော်ကြေးရရှိမည့် တောင်သူများမှ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရှိ မော်လမြိုင်လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ရန်အတွက် သိမ်းဆည်းခဲ့သော မြေယာများအတွက် လျော်ကြေးများကို အစိုးရမှ သတ်မှတ်ထားသည့်ဈေးနှုန်းထက် ငါးဆတိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။ အစိုးရမှ ပေးသည့်ဈေးနှုန်းသည် ကာလပေါက်ဈေးထက်နည်းနေသည့်အတွက် တိုးမြှင့်တောင်းဆိုရခြင်းဖြစ်ကြောင်း မော်လမြိုင်မြို့နယ်၊ ခြောက်မိုင်ရပ်ကွက်ရှိ ဦးကံမြင့်မှ ပြောကြားခဲ့သည်။ ထို့ပြင် ပြည်နယ်အစိုးမှ ဥယျာဉ်ခြံမြေ တစ်ဧကလျှင် သိန်း ၄၀၀၊ လယ်မြေတစ်ဧကလျှင် သိန်း ၆၀ မှ သိန်း ၄၀ နှုန်းပေးသော်လည်း တောင်သူများဘက်မှ ဥယျာဉ်ခြံမြေတစ်ဧကကို သိန်းနှစ်ထောင်နှင့် လယ်မြေတစ်ဧကကို သိန်းသုံးရာ ရရှိနိုင်ရန် တောင်းဆိုထားသည်ဟု ၎င်းမှ ဆက်လက်ပြောကြား ခဲ့သည်။

သိမ်းဆည်းခြင်းခံထားရသည့် လယ်ယာမြေများနှင့် ပတ်သက်၍ ဖြေရှင်းပေးခြင်းမရှိသာကြောင့် မြေသိမ်းခံ လယ်သမားများ သတင်းစာရှင်းလင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ လယ်ယာမြေများသိမ်းဆည်းခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော် သမ္မတ၏ ညွှန်ကြားချက်အတိုင်း ဖြေရှင်းပေးနိုင်ခြင်းမရှိသေးသောကြောင့် ဒီဇင်ဘာလ ၄ ရက်နေ့တွင် မြေသိမ်းခံ လယ်သမားများမှ ဦးဆောင်၍ ရွှေပြည်သာမြို့နယ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှ စတင်၍ နည်းအမျိုးမျိုးဖြင့် ဥပဒေမဲ့ သိမ်းဆည်းခဲ့သည့် လယ်ယာမြေများကို ပြန်လည်ရရှိရန်အတွက် ယခင်အစိုးရလက်ထက်နှင့် လက်ရှိအစိုးရလက်ထက် အချိန်ထိ သက်ဆိုင်ရာသို့ တင်ပြခဲ့သော်လည်း ကြန့်ကြာနေခဲ့သည်။ ရွှေပြည်သာမြို့နယ်အတွင်းတွင် သိမ်းဆည်းခြင်းခံထားရသော လယ်ယာမြေဧက တစ်သောင်းကျော်ရှိပြီး မြေသိမ်းခံရသူဦးရေ တစ်ထောင်ကျော်ရှိနေသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြေသိမ်းဆည်းခြင်းခံထားရသူများနှင့် လယ်ယာမြေအရေး တက်ကြွလှုပ်ရှားသူများ တက်ရောက်ခဲ့ကြသည်။

ရေကာတာစီမံကိန်းကြောင့် ပြောင်းရွှေ့ရန် အစီအစဉ်မရှိဟု ဒေသခံများ ပြောကြား

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်တွင် တည်ဆောက်နေသော အထက်ရဲရွာရေကာတာစီမံကိန်းကြောင့် ရေမြုပ်နိုင်ခြေရှိသည့် တာလုံကျေးရွာမှ ဒေသခံများသည် ပြောင်းရွှေ့ပေးရန် အစီအစဉ်မရှိကြောင်း နမ္မတူမြစ်နှင့် နမ့်တိန်းမြစ်ပေါ်တွင် တည်ဆောက်နေသည့် ရေကာတာများ၏ အကျိုးဆက်များနှင့် ပတ်သက်၍ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အစီရင်ခံစာထုတ်ပြန်ပွဲနှင့် ရှင်းလင်းပွဲ၌ ဒေသခံများမှ ပြောကြားခဲ့သည်။ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွက် ရေကာတာတည်ဆောက်မည့်စီမံကိန်းကို ရပ်ဆိုင်းပေးရန် ဒေသခံလူထုမှ သမ္မတ ဦးဝင်းမြင့်ထံသို့ ဒီဇင်ဘာလ ၃ ရက်နေ့တွင် စာတစ်စောင်ပေးပို့ခဲ့သည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ တာ့လုံဒေသခံများမှ ကြိမ်ဖန်များစွာဆန့်ကျင်ကန့်ကွက်

ခြင်း၊ ကြေငြာချက်များ ထုတ်ပြန်ခြင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးထံသို့ အကြိမ်ကြိမ် တောင်းဆိုခြင်းများ ပြုလုပ်ခဲ့သော်လည်း အစိုးရဘက်မှ တုန့်ပြန်ခဲ့ခြင်းမရှိပါ။ ရှမ်းပြည်နယ်အတွင်း၌ တည်ဆောက်နေဆဲ ဆည်နှစ်ခုမှာ ကျောက်မဲမြို့နယ်အတွင်းရှိ အထက်ရဲရွာ (ဧခါ) တာ့လုံ ရေကာတာနှင့် သီပေါမြို့နယ် အတွင်းရှိ မိုးတိမ်ဆည် (ဧခါ) လီလုဆည်တို့ဖြစ်သည်။ အဆိုပါဆည်များကြောင့် ဒေသခံများ၏ ကိုးကွယ်ရာ စေတီပုထိုး၊ ကျောင်းကန် ဘုရားများ၊ ရပ်ရွာနေအိမ်နှင့် လယ်ယာမြေများ တို့သည် ရေအောက်သို့ ရောက်ရှိသွားမည်ဟု ရှမ်းပြည်နယ် မြစ်ချောင်းအင်းအိုင်စောင့်ကြည့်ရေးအဖွဲ့မှ ထုတ်ဖော်ပြောကြား ခဲ့သည်။

ဟူးကောင်းဒေသခံများအတွက် စားကျက်မြေ သတ်မှတ်ပေးရန် သမ္မတထံ တောင်းဆို

နိုင်ငံတော်အစိုးရမှ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (WCS) နယ်မြေဧရိယာအဖြစ် သတ်မှတ်ထားသော ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းရှိ ဒေသခံများ၏ မြေဧကများကို စားကျက်မြေအဖြစ် တရားဝင်ပြန်လည် ပေးအပ်ရန် ကျေးရွာခုနှစ်ရွာမှ ဒေသခံများမှ ဒီဇင်ဘာလ ၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ စာဖြင့်တောင်း ဆိုခဲ့သည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသရှိ လီဒိုလမ်းမပေါ်မှ ကျေးရွာခုနှစ်ရွာရှိ စုစုပေါင်း မြေ ၄,၂၉၃,၁၀၂.၉၆ ဧကကို နိုင်ငံတော်အစိုးရမှ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၂၀၁၄ ခုနှစ်တွင် သတ်မှတ်ခဲ့သည့်အတွက် ဌာနေတိုင်း ရင်းသားများ၏ လယ်ယာမြေ၊ ဥယျာဉ်ခြံ၊ ကျွဲ၊ နွားနှင့် တိရစ္ဆာန်စားကျက်မြေများကို လက်လွတ်ဆုံးရှုံးခဲ့ရသည် ဟု ယင်းတောင်းဆိုချက်ထဲတွင် ဖော်ပြထားသည်။

ဒေသခံများသည် ၎င်းတို့၏ မြေယာများကို ဆုံးရှုံးခဲ့ရ သည့်ပြင် ၂၀၁၇ ခုနှစ်တွင်လည်း ယုဇနကုမ္ပဏီမှ ထပ်မံဝင်ရောက်၍ လုပ်ကိုင်ခဲ့သောကြောင့် ဒေသခံများ နှင့် ယနေ့ချိန်ထိ မြေယာပြဿနာဖြစ်နေဆဲဖြစ်သည်။

တပ်သိမ်းမြေ ဧက ၇၀၀ ခန့်ကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်တို့ရှိ တပ်သိမ်းမြေ ဧက ၇၀၀ ခန့်ကို မူလ တောင်သူများထံသို့ ပြန်လည်ပေးအပ်သည့် အခမ်းအနား ကို ဒီဇင်ဘာလ ၆ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့ထိ ကျင်းပခဲ့ပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူမှ တက် ရောက်ခဲ့သည်။ ထိုမြေများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည် စွန့်လွှတ်ခဲ့ခြင်းဖြစ်ပြီး မြစ်ကြီးနားခရိုင်တွင် မူလတောင်သူ ၂၅ ဦးအတွက် ဧက ၁၁၀၊ ဗန်းမော် ခရိုင်တွင် တောင်သူ ၈၄ ဦးအတွက် ၄၆၉ ဧက၊ မိုးညှင်း ခရိုင်တွင် တောင်သူ ၁၅ ဦးအတွက် ဧက ၁၁၄ တို့ကို ပေးအပ်ခဲ့သည်။ အဆိုပါမြေများကို ကာကွယ်ရေး၀န်ကြီး ဌာနမှ ၁၉၉၀ ပြည့်နှစ်ကျော်မှ စတင်၍ သိမ်းဆည်းခဲ့ ခြင်းဖြစ်ပြီး ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေများသည် တပ်မတော်မှ လက်ရှိတွင် အသုံးပြုခြင်းမရှိတော့သည့် မြေယာများဖြစ်သည်ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်း၀န်ကြီး ဦးမြသိန်းမှ ပြောကြားခဲ့သည်။

သိမ်းဆည်းခံမြေယာများကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မြေပြန်လည်ရရှိခြင်းမရှိသည့်ပြင် ပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆို ခံနေရခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်ရှိ သိမ်းဆည်းခံမြေများကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မြေဧရိယာအပြည့်အဝမရရှိသည့်ပြင် ရာဇသတ် ကြီးဥပဒေ ပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခံရခြင်းနှင့် ပတ်သက်၍ ဒီဇင်ဘာလ ၉ ရက်နေ့တွင် နစ်နာသူမိသားစု မှ မန္တလေးမီဒီယာစင်တာတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် သစ်တောဦးစီးဌာနမှ ဘိုးဘွားပိုင်မြေ ၅ ဒဿမ ၉၉ ဧကကို သိမ်းဆည်းခဲ့ပြီး မူလပိုင်ရှင်များမှ ပြန်လည်စွန့်လွှတ်ပေးရန် လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီ ဗဟိုသို့ တင်ပြခဲ့သည်။ သို့သော်လည်း ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် စစ်ကိုင်းခရိုင် အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာနမှ မြေ ၁ ဒဿမ ၉၃ ဧကကို သာသနာ့ နယ်မြေအဖြစ် ချထားပြီးဖြစ်သောကြောင့် ၂ ဒဿမ ၄၅ ဧကကိုသာ ပြန်လည်ရရှိခဲ့ကြောင်း ယင်းသတင်းစာရှင်း လင်းပွဲတွင် မူလပိုင်ရှင်များမှ ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်မှစတင်၍ မူလပိုင်ရှင်များသည် ယင်းမြေများ တွင် ပဲစင်ငုံများကို စိုက်ပျိုးခဲ့သည်။ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် ဆရာတော်ရှင်ဆေကိန္နဇ၏ညီ ဦးအောင်မင်းမှ သာသနာ့နယ်မြေတွင် ဝင်ရောက်ကျူး ကျော်သည်ဟုဆိုကာ ၎င်းတို့အား စစ်ကိုင်းမြို့နယ် တရား ရုံးတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၄၇ ဖြင့် တရားစွဲ ဆိုခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းမြေဧက ၁၄၀၀ ကျော်ကို ပြန်လည်ပေးအပ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကြက်ဖမ္မေးဇောင်းကျေးရွာအုပ်စုနှင့် ကျောင်းကုန်းမြို့နယ်၊ ကျဲကဒုံးကျေးရွာအုပ်စုရှိ သိမ်းဆည်းမြေများအနက်မှ ပြန်လည်စွန့်လွှတ်မြေ ၁၄၂၁ ဧကကို ဧရာဝတီတိုင်းဒေသကြီး သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဝန်ကြီးချုပ် ဦးလှမိုးအောင်မှ မူလတောင်သူ ၅၂၉ ဦးထံသို့ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါမြေများကို ညောင်တုန်းမြို့နယ်ရှိ အမှတ် ၉၀၅ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၊ ဖျာပုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန (ကော်ဖီရာသီသီးနှံဌာနခွဲ)နှင့် ကျောင်းကုန်းရှိ ဒါးကလျှပ် စစ်မြစ်ရေတင်စီမံကိန်း (ကညင်ကောက်) စသည်တို့အတွက် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

သိမ်းဆည်းမြေများအနက် စည်ပင်ဝန်ကြီးဟောင်း၏ မိခင်သာ မြေပြန်ရ၍ ကျန်မြေပိုင်ရှင်များ ပြောကြား

ချင်းပြည်နယ်၊ မင်းတပ်မြို့၊ မင်းတပ်-မတူပီ အဝေးပြေးလမ်းမကြီးပေါ်ရှိ အမှတ် (၂၇၄) ခြေလျင်တပ်ရင်းမှ သိမ်းဆည်းထားသော မြေများအနက်မှ အသုံးမပြုဘဲ ချန်လှပ်ထားသော မြေကွက်များကို ပိုင်ရှင်များမှ ထိုက် သင့်သည့် လျော်ကြေးပေးရန် အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း သက်ဆိုင်ရာမှ အကြောင်းပြန်ခြင်းမရှိပဲ ချင်းပြည်နယ် စည်ပင်ဝန်ကြီးဟောင်း ဦးနိန်နိုင်း၏ မိခင်မြေကိုသာ ပြန်လည်ပေးအပ်ခဲ့သည်ဟု ကျန်မြေပိုင်ရှင်များမှ ပြောကြားခဲ့သည်။ လျော်ကြေးမရရှိသည့် မြေရှင်များအနေဖြင့် တောင်ယာမြေတစ်ကွက်လျှင် နွားနောက်မတစ်ကောင်တန်ဖိုး ခြောက်သိန်းနှုန်းဖြင့် ထပ်မံလျော်ကြေးရလိုကြောင်း ခရိုင်အုပ်ချုပ်ရေးရုံးမှတစ်ဆင့် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကို တင်ပြခဲ့သည်။

စိုက်ခင်းများပျက်စီးခြင်းအတွက် ဝမ်ပေါင်ကုမ္ပဏီကို အရေးယူပေးရန် တောင်းဆို

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ ထွက်သည့် အက်စစ်ငွေများကြောင့် စီမံကိန်းအနီး ကျောက်ဖြူတိုင်၊ ဇီးတောရွာ သစ်၊ တုံရွာ၊ အလယ်ရွာနှင့် ဖောင်းကဒါးရွာများရှိ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုရှိနေသည့်အတွက် ဝမ်ပေါင်ကုမ္ပဏီကို အရေးယူပေးရန် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ယင်းကျေးရွာရှိ တောင်သူ ၁၅၀ ကျော်မှ မုံရွာမြို့၌ ဆန္ဒပြတောင်း ဆိုခဲ့ကြသည်။ ဆန္ဒပြပွဲကို ခွင့်ပြုချက် တောင်းခံ၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဥတိုအပန်းဖြေစခန်းရှိ သီးစားချထားသော လယ်မြေများကို လုပ်ကိုင်ခွင့်မပြုတော့၍ တောင်သူ ၂၀၀ ကျော် အခက်ကြုံ

တိုက်ကြီးမြို့နယ်၊ ဥတိုကျေးရွာအုပ်စုရှိ ဥတိုစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်းမှ သီးစားချ ငှားရမ်းထားသည့် လယ်မြေများကို လုပ်ကိုင်ခွင့်မပြုတော့သည့်အတွက် စိုက်ပျိုးတောင်သူ ၂၀၀ ကျော် အခက်ကြုံနေကြရသည်။ ၂၀၁၃ ခုနှစ်မှစတင်၍ ကိုင်းတောမြေများကို ရှင်းလင်းပြီး လယ်ယာမဲ့ တောင်သူများအနက်မှ စပါးစိုက်ပျိုးမည့် တောင်သူ ၂၀၀ ကို စိုက်ဇက ၂၀၀၀ ကျော်အား စိုက်ပျိုးခွင့်ပေးခဲ့သည်။ လယ်မြေများဖြစ်လာသောအခါ ကုမ္ပဏီ တစ်ခုကို ငှားမည်ဟုဆိုကြောင်း တောင်သူဦးခင်လှိုင်မှ ပြောကြားခဲ့သည်။ ၎င်းတို့သည် သီးစားခအဖြစ် တစ်ဇကလျှင် ခြောက်တင်းကျော်ပေးခဲ့ရပြီး ဖြစ်သောကြောင့် စိုက်ပျိုးလယ်မြေများကို မပေးနိုင်ပါဟု ဦးခင်လှိုင်မှ ပြောဆိုခဲ့သည်။

၂၀၁၅ ခုနှစ်မှ စတင်၍ အဆိုပါ ဥတိုစိုက်ပျိုးမွေးမြူရေးနှင့် အပန်းဖြေစခန်းမှ စပါးစိုက်တောင်သူများကို သီးစားခမပေးရန်နှင့် စပါးဆက်လက်စိုက်ပျိုးပါက လယ်ယာမြေဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း တားမြစ်စာပေးပို့ထားသော်လည်း တောင်သူများမှ ဆက်လက်လုပ်ကိုင်ခဲ့ကြသည်။ ထို့ကြောင့် အဆိုပါစခန်းမှ ဝန်ထမ်းတစ်ဦးမှ တရားစွဲဆိုထားသဖြင့် တောင်သူ ၁၃ ဦးမှာ တိုက်ကြီးတရားရုံးတွင် တရားမမှုဖြင့် တရားရင်ဆိုင်နေကြရသည်ဟု တရားစွဲဆိုခြင်းခံထားရသည့် တောင်သူ ဦးကျင်မှ ပြောကြားခဲ့သည်။

တပ်သိမ်းမြေများ ပြန်လည်ရရှိလိုခြင်းအတွက် ဒေသခံများ သတင်းစာရှင်းလင်း

ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ငွေတောင်လေးကျေးရွာရှိ ရှမ်းတိုင်းရင်းသားများနေထိုင်သည့် မြေဧက ၃၁ ဧကကျော်ကို ခလရ ၁၀၂ တပ်မှ ၁၉၉၁ ခုနှစ်တွင် သိမ်းယူခဲ့သော်လည်း မည်သည့်စီမံကိန်းမျှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသည့်အတွက် ဒေသခံများမှ ထိုမြေများကို ပြန်လည်ရရှိလိုကြောင်း ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် သတင်းစာရှင်း လင်းပွဲပြုလုပ်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ခလရ ၁၀၂ တပ်မှ တပ်ရင်းမှူး၏ သားသမီးများကို ကျူရှင် ကြိုပို့လုပ်သည့်ယာဉ်သည် ငွေတောင်လေးကျေးရွာအနီး မိုင်းနင်းမိခဲ့သည့်အတွက် ယင်းကျေးရွာရှိ အိမ်ထောင်စု ၃၈ စုမှ လူနေအိမ်များကို နှစ်ရက်အတွင်း ပြောင်းရွှေ့ပေးရန် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း ညွှန်ကြားခြင်းခံခဲ့ရသည်။ နေအိမ်ရွှေ့ပြောင်း

ပေးခဲ့ရသည့် မိသားစုဝင်တစ်ဦးဖြစ်သော ဦးသန်းဇော်ဦးမှ ထိုမြေများသည် ၎င်းတို့ မိဘဘိုးဘွားများ လက်ထက်က တည်းက တည်ထားသော ရွာမြေများဖြစ်သည့်အတွက် ယခုအချိန်တွင် ပြန်လည်နေထိုင်ခွင့်ရချင်သည်ဟု ပြောကြားခဲ့သည်။

ဒီမော့ဆိုမြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီမှ ခလရ ၁၀၂ တပ်အနေနှင့် ထိုမြေများပေါ်တွင် တစ်စုံတစ်ရာ တိုင်းတာမှုများ မပြုလုပ်ရန် အကြောင်းကြားစာ ပေးပို့ထားသော်လည်း အုတ်တံတိုင်းခတ်ခြင်းများကို နိုဝင်ဘာလမှစတင်၍ ဒီဇင်ဘာလထိ ပြုလုပ်ခဲ့ပြီး လက်ရှိတွင် ရပ်ဆိုင်းထားသည်ဟု ဒီမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးညော်လှိုင်မှ ပြောကြားခဲ့သည်။

အစိုးရအဖွဲ့နှင့် တောင်သူများ ပထမဆုံးအကြိမ် မြေယာကိစ္စဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်း၊ မိုင်းပန်၊ လင်းခေး၊ မိုးနဲမြို့နယ်စသည့် မြို့နယ်လေးမြို့နယ်မှ တောင်သူများနှင့် ဌာနဆိုင်ရာများ၊ ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များမှ ပထမအကြိမ် မြေယာဆိုင်ရာ ကိစ္စဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် တောင်ကြီးမြို့၊ ရှမ်ပြည်နယ် အစိုးရရုံးရှိ အထွေထွေအုပ်ချုပ်ရေးခန်းမတွင် ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲကို တက်ရောက်လာသည့် လေးမြို့နယ်မှ တောင်သူများ၏ တူညီသည့် ပြဿနာများမှာ လယ်ယာမြေနှင့် မြို့ရွာများသည် သစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေခြင်း၊ တပ်မတော်သိမ်းဆည်းမြေများ၊ မြေယာပိုင်ဆိုင်ခွင့်လက်မှတ် ပုံစံ(၇) ရရှိရန်ရန် ခက်ခဲနေခြင်း၊ တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်သီးနှံစျေးကွက်များမရှိခြင်းနှင့် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲကြောင့် လယ်ယာထွက်ကုန်များ စျေးကောင်းမရရှိခြင်းများ စသည်တို့ဖြစ်သည်။ ထို့အပြင် သိမ်းဆည်းခံလယ်ယာများအတွက်လည်း လျော်ကြေးနှစ်နာကြေးများကို ပြန်လည်ရယူလိုကြောင်း ကွန်ဟိန်းမြို့မှ နန်းမြလေးမှ ပြောဆိုခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို မြို့နယ်လေးမြို့နယ်မှ ဌာနဆိုင်ရာများ၊ တောင်သူများနှင့် အစိုးရအဖွဲ့အဝင်များ စုစုပေါင်း လူဦးရေ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ခွဲဝေချထားပေးသော မြေနကျွန်းပေါ်တွင် လုပ်ကိုင်ခွင့်မရရှိသော တောင်သူများ ဆန္ဒထုတ်ဖော်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဖက်တောကျေးရွာ၌ ခွဲဝေချထားပေးသော မြေနကျွန်းပေါ်တွင် လုပ်ကိုင်ခွင့်မရရှိသည့် တောင်သူ ၃၀ ခန့်မှ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တောင်သာမြို့နယ်၌ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ဖက်တောကျေးရွာရှိ တောင်သူတစ်ထောင်ကျော်ကို ဆင်ဂဲ၀ ချောင်းမြေနကျွန်းအား အိမ်ထောင်စုတစ်စုလျှင် သုည ဒဿမ ၂၈ ဧက ခွဲဝေသတ်မှတ်ပေးရာ၌ တောင်သူ ၄၀ ခန့်သည် ယင်းမြေဧက ၇၀ ကျော်ပေါ်တွင် ယခင်အဆက်ဆက်မှ လုပ်ကိုင်ခဲ့သည်ဟုဆိုကာ လက်ရှိလုပ်ပိုင်ခွင့်ရရှိသူများကို လုပ်ပိုင်ခွင့်ပေးခြင်းမရှိ၍ လက်ရှိလုပ်ပိုင်ခွင့်ရရှိသူများမှ ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ရရှိရန် ဆန္ဒပြတောင်းဆိုရခြင်း ဖြစ်သည်ဟု ဆန္ဒပြပွဲကို ဦးဆောင်သူ၊ မြေနကျွန်းခွဲဝေချထားပေးရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုင်အေးမှ ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်မပေးသော တောင်သူ ၄၀ ခန့်ကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ တရားစွဲဆိုထားကြောင်း ဆန္ဒပြတောင်သူများမှ ပြောဆိုခဲ့သည်။

သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရန် တောင်သူများ ဆန္ဒပြ

ဇရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်ရှိ ပုဂ္ဂလိကကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ သိမ်းယူထားသည့် လယ်ယာမြေများကို မူလတောင်သူများထံ တရားဝင်ပြန်လည်ပေးအပ်ရန်နှင့် ဥပဒေမဲ့ လုပ်ဆောင်နေသည့် ကုမ္ပဏီများကို အရေးယူပေးရန် မြေသိမ်းခံတောင်သူ ၁၀၀ ကျော်မှ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ယင်းဆန္ဒထုတ်ဖော်ပွဲကို ချင်းလယ်ကျေးရွာအုပ်စုမှ တောင်သူများမှ ဦးဆောင်ခဲ့သည်။ သိမ်းဆည်းခံလယ်ယာမြေများကို ပြန်လည်ရရှိနိုင်ရန် သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်ထံသို့ တင်ပြခဲ့ရာ စီမံကိန်းလုပ်ဆောင်ခြင်းမရှိတော့သည့် မြေအချို့ကို ကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ ပြန်လည်စွန့်လွှတ်ခဲ့ပေးခဲ့သော်လည်း ယခုချိန်ထိ မူလတောင်သူများမှ မြေယာပြန်လည်ရရှိခြင်း မရှိသေးသည့်အတွက် ယင်းမြေများကို တရားဝင်ပြန်လည်ပေးအပ်ခြင်းများ ဆောင်ရွက်ပေးရန် တာဝန်ရှိလူကြီးများကို တောင်းဆိုသည့်အနေဖြင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ဆန္ဒထုတ်ဖော်ပွဲကို ဦးဆောင်သူ ချင်းလယ်ကျေးရွာမှ ဦးစိုးမြင့်မှ ပြောကြားခဲ့သည်။

ချင်းလယ်ကျေးရွာအုပ်စုရှိ လယ်ယာမြေဧက ၁၀၀၀ ကျော်ကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် ၂၀၁၅ ခုနှစ်တွင် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များမှ လျော်ကြေးပေးဆောင်ခြင်း မရှိပဲ သိမ်းယူခဲ့သည်။

ဧရာဝတီတိုင်း အစိုးရ၏ ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိ၍ တောင်သူများ ဆန္ဒပြ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စု၊ ပလောင်ကျေးရွာရှိ မြေလွတ်၊ မြေရိုင်းနှင့် လယ်မြေဧက ၅၅၀ ပေါ်တွင် အော့ချက် (Orchard) ကုမ္ပဏီကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့သည့်အတွက် ကျေနပ်ခြင်းမရှိ၍ ဒီဇင်ဘာလ ၂၆ ရက်နေ့၌ မအူပင်မြို့ပေါ်တွင် လယ်သမား ၁၀၀ ကျော်မှ လမ်းလျှောက်ချီတက် ဆန္ဒပြခဲ့ကြသည်။

လယ်သမားများသည် ယင်းမြေဧကများပေါ်တွင် ဘိုးဘွားပိုင်အဖြစ် လုပ်ကိုင်လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုပြေစာများကို ၂၀၀၂ ခုနှစ်တွင် ရပ်ရွာအုပ်ချုပ်ရေးမှူးမှ ပြန်လဲလှယ်ပေးမည်ဟုဆိုကာ သိမ်းဆည်းခဲ့သည့်အတွက် လက်ရှိတွင် ပိုင်ဆိုင်မှုပြေစာများ မရှိတော့ပါဟု လယ်သမားများမှ ပြောကြားခဲ့ကြသည်။ ထို့ပြင် ၎င်းတို့၏ မြေများ သိမ်းဆည်းခြင်းခံခဲ့ရစဉ်တွင် နစ်နာကြေး တစ်စုံတစ်ရာ ရယူခဲ့ခြင်းမရှိသည့်အတွက် မိဘဘိုးဘွားပိုင် လယ်ယာမြေများကို ဆက်လက် လုပ်ကိုင်လိုသည်ဟု ဆန္ဒပြရာတွင် ပါဝင်ခဲ့သည့် လယ်သမား ကိုငြိမ်းမောင်မှ ပြောဆိုခဲ့သည်။ အဆိုပါမြေများကို မြေအစားပေးခြင်းနှင့် လျော်ကြေးပေး ခြင်းမရှိဘဲ သိမ်းယူခဲ့ခြင်းဖြစ်ပြီး ၁၀ နှစ်ကြာသည်အထိ စီမံကိန်းဆောင်ရွက်ခြင်း မရှိသည့်အတွက် မြေသိမ်းခံတောင်သူများမှ ၂၀၁၃ ခုနှစ်မှ စတင်၍ ယင်းလယ်မြေများအတွင်းတွင် ဝင်ရောက်ထွန်ယက် စိုက်ပျိုးမှုများ ပြန်လည်ပြုလုပ်ခဲ့သည်။

ဝါးစိမ်းတောင်တွင် ကြေးနီထုတ်လုပ်မည့်အစီအစဉ်ကို ဒေသခံများ ကန့်ကွက်ကြောင်း လက်မှတ်များကောက်ခံ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်ရှိ ဝါးစိမ်းတောင်တွင် ကြေးနီစမ်းသပ်ထုတ်လုပ်မည့်အစီအစဉ်ကို ကန့်ကွက် ကြောင်း လက်မှတ်များကို ကောက်ယူခဲ့ရာတွင် ကန့်ကွက်လက်မှတ်ပေါင်း တစ်ထောင်ကျော်ရရှိခဲ့ကြောင်း ဒေသခံများမှ ပြောကြားခဲ့သည်။ ဝါးစိမ်းတောင်နယ်မြေပတ်လည်တွင်ရှိသော အိုးအိုရွာ၊ သပြေအေးရွာ၊ ကျောက်ပြုတ်ရွာ၊ ပြည်လှည့်သီးကုန်းရွာ၊ ရှမ်းရွာနှင့် တရော်ကျင်းရွာ စသည့်ကျေးရွာခြောက်ရွာမှ တောင်သူ ၁၀၀၀ ကျော်ခန့် စုဝေးခဲ့ကြပြီး ဝါးစိမ်းတောင်တွင် ကြေးနီထုတ်လုပ်ရန် စမ်းသပ်မည့် ယမ်စီကုမ္ပဏီကို ကန့်ကွက်ကြောင်း လက်မှတ်များကို ကောက်ယူခဲ့သည်။ အဆိုပါကန့်ကွက်လက်မှတ်များကို တိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် အမှတ် (၂) ကိုယ်စားလှယ် ဒေါ်အောင်မေရီထံသို့ ပေးအပ်ခဲ့ကြောင်း ဒေသခံ ဦးပြေငြိမ်းမှ ပြောကြားခဲ့သည်။ ဝါးစိမ်းတောင်ကို ဖြိုလိုက်လျှင် တွေ့ရှိမည့် ဘေးဒုက္ခအကျိုးဆက်များကို ကြောက်ရွံ့၍ ကန့်ကွက်ရခြင်းဖြစ်ကြောင်း ကျောက်ပြုတ်ကျေးရွာမှ ဒေသခံ ဦးဇော်နိုင်ဝင်းမှ လည်း ပြောဆိုခဲ့သည်။

သိမ်းဆည်းမြေများနှင့်ပတ်သက်၍ စိစစ်နေဆဲဟု မန္တလေးတိုင်းဝန်ကြီးချုပ် ပြောကြား

သိမ်းဆည်း၍ ပြန်လည်စွန့်လွှတ်ခဲ့သောမြေများနှင့် ပတ်သက်၍ ဒီဇင်ဘာလကုန်တွင် အပြီးသတ်ရန် လုပ်ဆောင်နေသော်လည်း ၂၀၁၈ ခုနှစ်အတွင်းတွင် တိုင်ကြားထားသော သိမ်းဆည်းမြေများနှင့်ပတ်သက်၍ စိစစ်နေဆဲဖြစ်ကြောင်း ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ ပြောကြားခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင် သိမ်းဆည်း၍ ပြန်လည် စွန့်လွှတ်သော မြေဧက ၁၆,၀၀၀ ကျော်ရှိသည့် အနက်မှ လက်ရှိတွင် ဧက ၁၁,၀၀၀ ကျော်ကို တောင်သူများထံသို့ ပြန်လည်စွန့်လွှတ်ထားပြီးဖြစ်သည်။ ထို့ပြင် ကျန်ရှိနေသေးသောမြေများကို ဒီဇင်ဘာလကုန်တွင် ပေးအပ်ရန် လုပ်ဆောင်နေကြောင်း ၎င်းမှ ထပ်မံပြောဆိုခဲ့သည်။

ပုသိမ်တံတား အမှတ် (၂) စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် နေအိမ်နှင့် အဆောက်အအုံများအတွက် နစ်နာကြေးပေးအပ်

ပုသိမ်တံတားအမှတ် (၂) တည်ဆောက်ရေးဧရိယာအတွင်း ပါဝင်နေသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ စိန်ကုန်းရပ်ကွက်ရှိ လူနေအိမ်နှင့် အဆောက်အအုံ ၄၉ လုံးအတွက် နစ်နာကြေးများပေးအပ်ခဲ့ကြောင်း တံတားအထူးအဖွဲ့ (၁၆) ၏ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သစ်သစ်အောင်မှ ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တံတားတည်ဆောက်ရေးရုံးမှ ယင်းအဆောက်အအုံများနှင့်သက်ဆိုင်သူများကို လျော်ကြေး ငွေကျပ် ၂,၅၈၈ သိန်းကျော် ပေးအပ်ခဲ့ကြောင်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

ဒေသခံများ လုပ်ကိုင်လာသော တောင်ယာမြေများကို စက်မှုဝန်ကြီး ဌာနပိုင်မြေဟုဆိုကာ ဖယ်ရှားပေးရန်စာရင်း ထုတ်ပြန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၊ ရုံးတိုင်းကျေးရွာရှိ တောင်သူ ၈၃ ဦးမှ စိုက်ပျိုးလုပ်ကိုင်ခဲ့သော လယ်မြေများကို စက်မှုဝန်ကြီးဌာနပိုင်မြေဟုဆိုကာ ဆက်လက်စိုက်ပျိုးခြင်းမပြုရန် တားမြစ်ခြင်းများ ပြုလုပ်နေကြောင်း သိရှိရသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ခန့်မှစတင်၍ ဒေသခံတောင်သူ ၈၃ ဦးမှ တောရိုင်းမြေဇက ၈၀၀ ခန့်အား ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့သည်။ ၂၀၁၈ ခုနှစ်မှ စတင်၍ ထိုမြေများသည် စက်မှုဝန်ကြီးဌာန စစ်တောင်းတောင်ကြား ရော်ဘာခြံ၏ ဌာနပိုင်မြေဖြစ်ကြောင်း တားမြစ်စာများ ပေးပို့ခဲ့သည်။

ထိန်ပင်သုသာန်နှင့် အမှိုက်ပုံအတွက် သိမ်းဆည်းခံမြေယာ လျော်ကြေး ကျပ်သိန်း ခြောက်သောင်းကျော် ချထားပြီး

ထိန်ပင်အမှိုက်ပုံနှင့် သုသာန်မြေနေရာအတွက် သိမ်းဆည်းခြင်းခံထားရသော လယ်ယာမြေများကို နစ်နာကြေးပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ကျပ်သိန်း ၆၀,၀၀၀ ကျော် ချထားပေးပြီး နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ပေးအပ်မည်ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူမှ ပြောကြားခဲ့သည်။ လက်ရှိတွင် ယင်းနစ်နာကြေး ကျပ်သိန်း ၆၀,၀၀၀ ကျော်ကို ရန်ကုန်စည်ပင်သာယာရေးကော်မတီမှ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ လွှဲပြောင်းပေးထားကြောင်း ၎င်းမှ ထပ်မံပြောကြားခဲ့သည်။

ထိန်ပင်အမှိုက်ပုံနှင့် သုသာန်မြေအတွက် လယ်ယာမြေဇက ၆၀၀ ကျော်ကို သိမ်းဆည်းခဲ့ပြီး နစ်နာခဲ့သည့် လယ်သမား ၉၁ ဦးရှိနေသည်။ လယ်ယာမြေတစ်ဇကလျှင် ကျပ်သိန်း ၁၀၀ နှုန်းပေးရန် စီစဉ်ထားပြီး တင်ပြသည့် လယ်သမား ၉၁ ဦးကိုလည်း အမှန်တကယ်နစ်နာ ဆုံးရှုံးခြင်း ရှိ၊ မရှိကို လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီမှ စိစစ်နေကြောင်း ဦးမြတ်မင်းသူမှ ဆက်လက်ပြောကြားခဲ့သည်။

သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရန် တောင်သူ ၁၀၀ ကျော် ဆန္ဒပြ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်အတွင်းရှိ သိမ်းဆည်းထားသော လယ်ယာမြေများအတွက် မူလပိုင်ဆိုင်သူ တောင်သူများ၏ နစ်နာမှုကို ဖြေရှင်းပေးရန် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တောင်သူ ၁၀၀ ကျော်မှ ဆန္ဒပြတောင်းဆို ခဲ့ကြသည်။ ၁၉၉၉ ခုနှစ်ခန့်တွင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) ပိုင် သက်ကြားစက်ရုံနှင့် အရက်ချက်စက်ရုံများ တည်ဆောက်ရန် သိမ်းဆည်းခဲ့သော ဘိုးဘွားပိုင်မြေများအတွက် နစ်နာမှုများအပေါ် ယခုအချိန်ထိ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးခြင်းမရှိသဖြင့် ဆန္ဒဖော်ထုတ်ရခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲကိုဦးဆောင်သူ ဦးဇော်လတ်မှ ပြောကြားခဲ့သည်။

အဆိုပါသက်ကြားစက်ရုံ စီမံကိန်းအတွက် ကန့်ဘလူမြို့နယ်ရှိ ထန်းတပင်၊ ပျဉ်းတော်၊ ပုပ္ပါး၊ ချောင်းကန်နှင့် ထနောင်း ကိုင်းကျေးရွာအုပ်စုများရှိ တောင်သူ ၁၀၀ ကျော် ပိုင်ဆိုင်သော လယ်ယာမြေဇက တစ်ထောင် ကျော်ကို ထိုက်သင့်သော နစ်နာကြေးမပေးဘဲ ခြိမ်းခြောက်သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများမှ ပြောကြားခဲ့ကြသည်။ ထို့ပြင် သိမ်းယူခဲ့စဉ်တွင် မြေတစ်ဇကကို ကျပ် ၂၀၀၀ နှုန်းနှင့် လျော်ကြေးပေးခဲ့ကြောင်း၊ ယင်းအချိန်တွင် မြေတစ်ဇက၏ ပေါက်ဈေးသည် ကျပ်ရှစ်သောင်းမှ တစ်သိန်းဝန်းကျင်ထိရှိခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ပြည်ထောင်စု လွှတ်တော်မှ သိမ်းဆည်းမြေများကို ကာလပေါက်ဈေးအတိုင်း လျော်ကြေးပေးရန် ၂၀၁၄ ခုနှစ်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သော်လည်း လက်ရှိအချိန်အထိ လျော်ကြေးရရှိခြင်းမရှိဟု ဆန္ဒပြတောင်သူများမှ ပြောဆိုခဲ့သည်။

ကသာ-ဗန်းမော် မီးရထားလမ်း ဖောက်လုပ်မှုတွင် လယ်ယာမြေဆုံးရှုံးသူများကို နစ်နာကြေးပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်ရှိ ကသာ-ဗန်းမော်မီးရထားလမ်း စီမံကိန်းဖောက်လုပ်ခဲ့စဉ်တွင် ပါဝင်သွားခဲ့သည့် လယ်ယာမြေဇက ၃၀၃ ဒဿမ ၂၀ ဇက အတွက် မြေယာလျော်ကြေးငွေကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ၁၁ နှစ်ကျော်ကြာမှ တောင်သူများအား ပြန်လည်ပေးအပ်ခဲ့သည်။ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တောင်သူ ၁၈၇ ဦး ဆုံးရှုံးသွားခဲ့သည့် လယ်ယာမြေ ၃၀၃ ဒဿမ ၂၀ ဇက အတွက် လျော်ကြေးငွေကျပ်သိန်း ၅၄၇,၃၉၂,၆၀၂ ကို ပေးအပ်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း မီးရထားလမ်းဖောက်လုပ်ခဲ့စဉ်တွင် ကျေးရွာခြောက်အုပ်စုရှိ ဒေသခံတောင်သူ ၁၈၇ ဦး ပိုင်ဆိုင်သည့် လယ်ယာမြေဇက ၃၀၀ ကျော် ပါဝင်သွားခဲ့သည်။

ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာ တိုးတက်မှုများ

လေးလကြာ စစ်ရေးလှုပ်ရှားမှုများ ရပ်ဆိုင်းရန် တပ်မတော်ကြေညာ

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော လက်နက်ကိုင်အဖွဲများနှင့် တွေ့ဆုံဆွေးနွေးရန် တပ်မတော်မှ စစ်ဆင်ရေးဆိုင်ရာ လှုပ်ရှားမှုအားလုံးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃၀ ရက်နေ့ထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ၊ အရှေ့အလယ်ပိုင်း စစ်ဌာနချုပ်နယ်မြေနှင့် တြိဂံဒေသတိုင်း စစ်ဌာနချုပ်နယ်မြေတို့တွင် ရပ်ဆိုင်းပေးမည်ဟု ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် NCA ကို လက်မှတ်ရေးထိုးထားသည့် အဖွဲများသာမက မထိုးရသေးသည့် အဖွဲများအပါအဝင် တစ်ဖွဲချင်းအလိုက် ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ကြောင်းလည်း ထုတ်ပြန်ကြေညာခဲ့သည်။ မြောက်ပိုင်းမဟာမိတ်တိုင်းရင်းသားလက်နက်ကိုင် သုံးဖွဲ့ဖြစ်သည့် တအာင်း (ပလောင်) တပ်ဖွဲ့ (TNLA) ၊ ကိုးကန့် တပ်ဖွဲ့ (MNDAA) နှင့် ရခိုင်တပ်ဖွဲ့ (AA) တို့မှ စစ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို ဦးစွာရပ်တန့်ပြီး စစ်ရေး နည်းလမ်းမှအပ နိုင်ငံရေးနည်းလမ်းဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆက်လက် ပါဝင်သွားမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

အထွေထွေအုပ်ချုပ်ရေးဌာနကို ပြည်ထောင်စုအစိုးရ လက်အောက်သို့ ပြောင်းရွှေ့မည်

ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်သမ္မတရုံး၏ နှစ်ပတ်တစ်ကြိမ် သတင်းစာရှင်းလင်းပွဲ၌ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးမှ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြည်ထောင်စုအစိုးရအဖွဲ့ လက်အောက်သို့ ပြောင်းရွှေ့ရန် ညွှန်ကြားစာကျလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုကဲ့သို့ ပြုပြင်ပြောင်းလည်းရေးပြုလုပ်ခြင်းသည် ပြုပြင်ပြောင်းလည်းရေး မဟာဗျူဟာများနှင့် အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာရန် ဆောင်ရွက်ခြင်းဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ယခင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ကာကွယ်ရေး ဦးစီးချုပ်လက်အောက်ရှိ ပြည်ထဲရေးဝန်ကြီးဌာနမှ ကြီးကြပ်ခြင်းဖြစ်ပြီး ယခုဆိုလျှင် အရပ်သားအစိုးရ ယန္တယားတစ်ခုဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအောက် ပထမဆုံးရောက်ရှိမည်ဖြစ်သည်။

လူငယ်ပြန်လည်ထူထောင်ရေးစခန်းများကို လူကယ်ပြန်ဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်း

ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသော လူငယ်ပြန်လည်ထူထောင်ရေးစခန်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ လွှဲပြောင်းရယူပြီးဖြစ်သည်ဟု နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဒေါက်တာဝင်းမြတ်အေးမှ ပြောကြားခဲ့သည်။ ယင်းသို့လွှဲပြောင်းရယူအပြီးတွင် မူးယစ်ဆေးဝါးဖြတ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပို၍အလေး ထားဆောင်ရွက်သွားမည်ဟု ၎င်းမှ ထပ်မံ ပြောကြားခဲ့သည်။

အဆိုပါလွှဲပြောင်းခြင်းသည် အစိုးရသစ် လက်ထက်တွင် တပ်မတော်မှ တိုက်ရိုက်ကိုင်တွယ်ထားသော ပြည်ထဲရေးဝန်ကြီး ဌာနလက်အောက်ရှိ စခန်းများကို အရပ်သားအုပ်ချုပ်ရေးယန္တယားအောက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနသို့ ပထမဆုံးအကြိမ် လွှဲပြောင်းပေးခြင်းဖြစ်သည်။

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

ဖမ်းဆီးခံရခြင်းများ

- **စရဖ တပ်ကြပ် သေဆုံးမှုအတွက် ဝရမ်းထုတ်ထားသည့် ရဲရိုင်လူငယ်တစ်ဦးကို ဖမ်းဆီး**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ အီလဗင်း/မြန်မာ

- **ဖမ်းဆီးထားသည့် ကျောင်းသားသုံးဦးကို ချုပ်ရက် ရမန်ယူပြီး မွန္တလေးအိုးဘိုထောင်သို့ ပို့ဆောင်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ အီလဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ 7 Day Daily/မြန်မာ

တရားစွဲဆိုခံရခြင်းများ

- **အလုပ်သမားရေး ဦးဆောင်ဆန္ဒထုတ်ဖော်ခဲ့သူကို အမှုဖွင့်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ For Media Group/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

- **သရဖါဟိုတယ် အလုပ်သမားအရေး ဦးဆောင် ဆန္ဒထုတ်ဖော်သူ တစ်ဦး အမှုဖွင့်ခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ

- **ကချင်လူငယ်ခေါင်းဆောင် သုံးဦးကို ပြန်လွှတ်ပေးရန် ဆန္ဒထုတ်ဖော်ခြင်းအတွက် တရားစွဲဆိုခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ BNI/မြန်မာ

- **အစာငတ်ခံ ဆန္ဒပြခဲ့သည့် ကျောင်းသားကို ငြိမ်းစုံစီရင်ပုဒ် ပုဒ်မ ၁၉ ဖြင့် ဖမ်းဆီးအမှုဖွင့်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

တရားရင်ဆိုင်ရခြင်းများ

- **ရိုက်တာသတင်းထောက်နှစ်ဦး၏ အယူခံကို ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် စတင်ကြားနာ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ Frontier Myanmar
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ အိုလဲဗင်း/မြန်မာ

- **မကွေးတိုင်း လျှပ်စစ်စွမ်းအင် ဝန်ကြီးမှ တရားစွဲဆိုထားသည့် ဒေသခံများကို ပထမအကြိမ် ရုံးတင်စစ်ဆေး**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ အိုလဲဗင်း/မြန်မာ

- **MDCF ၏ ခေါင်းဆောင် ဦးထင်ကျော်၏ အမှုတွင် နှစ်ဖက်လျှောက်လဲချက်တင်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ

- **လူသတ်မှုဖြင့် စွပ်စွဲခံထားရသည့် တပ်မတော် အရာရှိ မော်လမြိုင်တွင် တရားရင်ဆိုင်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ

- **လွိုင်ကော်တွင် ကန့်ကွက်သူများအမှု စုပေါင်းရုံးဖြင့် တရားရင်ဆိုင်ခွင့်ရ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ အိုလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ The Voice/မြန်မာ

ထောင်ဒဏ်ချမှတ်ခံရခြင်းများ

- **စစ်ရှောင်များကို ကယ်ထုတ်ပေးရေး ဆန္ဒပြသူများကို ထောင်ဒဏ်ချမှတ်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ Frontier Myanmar
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ မြန်မာတိုင်းမ်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရုံအသံ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ

- **ပြိမ်းစုံစီဥပဒေ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခြင်း ခံထားရသော ကချင်လူငယ် သုံးဦးကို ဒဏ်ငွေ ချမှတ်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ဧရာဝတီ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်၊ ဧရာဝတီ

ထောင်တွင်းအခြေအနေများ

- ကျိုက်မရော အကျဉ်းထောင်သစ်တွင် အကျဉ်းသား ၆၀ ကျော်ကို စတင်ထိန်းသိမ်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ဒီဗွီဘီ/မြန်မာ

ထောင်မှလွတ်မြောက်မှုများ

- ရခိုင်ပြည်နယ်အတွင်းရေးမှူး(ဟောင်း)ကို ဝေဖန်ရေးသားခဲ့ခြင်းအတွက် ထောင်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသည့် ဦးအောင်သန်းဝေ လွတ်မြောက်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်၊ အီလဗင်း/မြန်မာ
- လူအခွင့်အရေးရှေ့နေ ဒေါ်ခင်ခင်ကျော် ပြန်လည် လွတ် မြောက်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ

နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ

- ရန်ကုန်တိုင်း ဝန်ကြီးချုပ်ကို တောင်းပန်ရန် အီလဗင်းသတင်းဌာန ငြင်းဆို
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရုံအသံ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ ဗွီအိုအေ/မြန်မာ
- မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအား အဓမ္မပြောင်းရွှေ့ခိုင်းမှုဖြစ်ပွား
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ အီလဗင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ BNI/မြန်မာ
- အငှားယာဉ်မောင်းသေဆုံးမှုအပေါ် ရဲတပ်ဖွဲ့ဝင်များကို အရေးယူသင့်ကြောင်း လူအခွင့်အရေး ကော်မရှင် ကြေညာချက်ထုတ်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ The Voice/မြန်မာ
- ABSDF ဒုဥက္ကဋ္ဌ အပါအဝင် သုံးဦးကို သုံးရက်ကြာ ခေါ်ယူစစ်ဆေး
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ ဘီဘီစီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ
- ဧရာဝတီဘဏ်ဝန်ထမ်းကို အာဏာပိုင်များ ရိုက်နှက်မှုနှင့်ပတ်သက်၍ စစ်ဆေးနေ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ 7 Day Daily/မြန်မာ
- အလုပ်သမားပန်ကြီး ခန့်အပ်ပေးရန် ဆန္ဒပြ တောင်းဆို
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
- ကချင်လူငယ်ခေါင်းဆောင် သုံးဦးကို ပြန်လွှတ်ပေးရန် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ အီလဗင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ BNI
- မတရားဖမ်းဆီးရိုက်နှက်ခဲ့သည့် သံဆိပ်ရဲကင်းမှူးကို အရေးယူခြင်းမရှိ၍ ရဲစခန်းရှေ့တွင် ဆန္ဒထုတ်ဖော်
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ အီလဗင်း/မြန်မာ

- **အလုပ်သမားသပိတ်စစ်ကြောင်းကို ဖြိုခွင်း၍ ၁၃ ဦးကို ဖမ်းဆီး၊ တရားစွဲဆိုပြီးနောက် အာမခံပေး**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ ဗွီအိုအေ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ 7 Day Daily/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ မဇ္ဈိမ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ The Voice/မြန်မာ

- **လူအခွင့်အရေးကော်မရှင်မှ တိုင်ကြားစာ သုံးထောင်ခန့် လက်ခံရရှိ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်၊ 7 Day Daily/မြန်မာ

- **စစ်ဘေးရှောင်များအား အစားအသောက်ကူညီရန် သွားပေးသည့် ပရဟိတအဖွဲ့များ တားမြစ်ခြင်းခံရ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ BNI/မြန်မာ

- **ဒုရဲမှူးဟောင်း ဦးမိုးရန်နိုင်အမှုအတွက် အာဏာပေး စာချွန်တော်တင်မည်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ

- **ဝိုလ်ကြီးတစ်ဦး၏ ရိုက်နှက်ခြင်းခံရသည့်အတွက် အမှုဖွင့်သော်လည်း စခန်းမှူးမရှိ၍ မတူပီရဲစခန်းမှ အမှုလက်မခံ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ

- **ရှမ်းပြည်နယ်တွင် သတင်းရယူပိုင်ခွင့် အခက်အခဲများစွာရှိနေကြောင်း သတင်းမီဒီယာအဖွဲ့များ ပြောကြား**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ

- **ဖမ်းဝရမ်းထုတ်ထားသည့် ဖခင်ကို မတွေ့ရှိသည့် အတွက် သမီးဖြစ်သူကို ဖမ်းဆီး**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၊ ဒီဗွီဘီ/မြန်မာ

- **ပေါ်တာဆွဲခြင်း ပြုလုပ်ခြင်းမရှိဟု ရခိုင်ပြည်နယ် အစိုးရအဖွဲ့ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီး ပြောကြား**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ The Voice/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ ဧရာဝတီ/မြန်မာ

လယ်ယာမြေပြဿနာများ

- **ကက်သလစ်ဘုရားကျောင်းမြေ သိမ်းခံရခြင်းနှင့် ပတ်သက်၍ တိုင်ကြားစာပေးပို့နိုင်ရန် လက်မှတ်များ ကောက်ခံ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်၊ အီလဲဗင်း/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

- **အမှတ်(၂) ချစ်ကြည်ရေးတံတား စိမ်ကိန်း အငြင်းပွားမှု ဥပဒေအတိုင်း ဖြေရှင်းသွားမည်ဟု ဝန်ကြီးစောပြည်သာပြော**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်၊ အီလဲဗင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်၊ အိမလဲဗင်း/မြန်မာ

- **လေယာဉ်ကွင်းမြေလျော်ကြေး ငါးဆတိုးမြှင့်ပေးရန် တောင်သူများ တောင်းဆို**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ BNI/မြန်မာ

- **သိမ်းဆည်းခြင်းခံထားရသည့် လယ်ယာမြေများနှင့် ပတ်သက်၍ ဖြေရှင်းပေးခြင်းမရှိသာကြောင့် မြေသိမ်းခံ လယ်သမားများ သတင်းစာရှင်းလင်း**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ အိမလဲဗင်း/မြန်မာ

- **ရေကာတာစီမံကိန်းကြောင့် ပြောင်းရွှေ့ရန် အစီအစဉ်မရှိဟု ဒေသခံများ ပြောကြား**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ မြန်မာတိုင်း
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ BNI

- **ဟူးကောင်းဒေသခံများအတွက် စားကျက်မြေ သတ်မှတ်ပေးရန် သမ္မတထံ တောင်းဆို**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ BNI/မြန်မာ

- **တပ်သိမ်းမြေ ဧက ၇၀၀ ခန့်ကို မူလတောင်သူများထံသို့ ပြန်လည်ပေးအပ်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်၊ ဒီဗွီဘီ/မြန်မာ

- **သိမ်းဆည်းခံမြေယာများကို ပြန်လည်စွန့်လွှတ်ခဲ့သော်လည်း မြေပြန်လည်ရရှိခြင်းမရှိသည့်ပြင် ပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆို ခံနေရခြင်းနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ အိမလဲဗင်း/မြန်မာ

- **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းမြေ ဧက ၁၄၀၀ ကျော်ကို ပြန်လည်ပေးအပ်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ ဧရာဝတီ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ

- **သိမ်းဆည်းမြေများအနက် စည်ပင်ဝန်ကြီးဟောင်း၏ မိခင်သာ မြေပြန်ရ၍ ကျန်မြေပိုင်ရှင်များ ပြောကြား**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ BNI/မြန်မာ

- **စိုက်ခင်းများပျက်စီးခြင်းအတွက် ဝမ်ပေါင်ကုမ္ပဏီကို အရေးယူပေးရန် တောင်းဆို**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ

- **ဥတိုအပန်းဖြေစခန်းရှိ သီးစားချထားသော လယ်မြေများကို လုပ်ကိုင်ခွင့်မပြုတော့၍ တောင်သူ ၂၀၀ ကျော် အခက်ကြုံ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ The Voice/မြန်မာ

- **တပ်သိမ်းမြေများ ပြန်လည်ရရှိလိုခြင်းအတွက် ဒေသခံများ သတင်းစာရှင်းလင်း**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်၊ BNI
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်၊ The Voice/မြန်မာ

- **အစိုးရအဖွဲ့နှင့် တောင်သူများ ပထမဆုံးအကြိမ် မြေယာကိစ္စဆိုင်ရာ ဆွေးနွေးပွဲကျင်းပ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ BNI/မြန်မာ
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ BNI

- **ခွဲဝေချထားပေးသော မြေနကျွန်းပေါ်တွင် လုပ်ကိုင်ခွင့်မရရှိသော တောင်သူများ ဆန္ဒထုတ်ဖော်**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ 7 Day Daily/မြန်မာ

- **သိမ်းဆည်းခံမြေများ ပြန်လည်ရရှိရန် တောင်သူများ ဆန္ဒပြ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ

- **ဧရာဝတီတိုင်း အစိုးရ၏ ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိ၍ တောင်သူများ ဆန္ဒပြ**
  ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ

- ဝါးစိမ်းတောင်တွင် ကြေးနီထုတ်လုပ်မည့်အစီအစဉ်ကို ဒေသခံများ ကန့်ကွက်ကြောင်း လက်မှတ်များကောက်ခံ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ The Voice/မြန်မာ

- သိမ်းဆည်းမြေများနှင့်ပတ်သက်၍ စိစစ်နေဆဲဟု မန္တလေးတိုင်းဒေသကြီးချုပ် ပြောကြား

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ 7 Day Daily/မြန်မာ

- ပုသိမ်တံတား အမှတ် (၂) စီမံကိန်းဧရိယာအတွင်း ပါဝင်သည့် နေအိမ်နှင့် အဆောက်အအုံများအတွက် နစ်နာကြေးပေးအပ်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်၊ 7 Day Daily/မြန်မာ

- ဒေသခံများ လုပ်ကိုင်လာသော တောင်ယာမြေများကို စက်မှုဝန်ကြီး ဌာနပိုင်မြေဟုဆိုကာ ဖယ်ရှားပေးရန်စာရင်း ထုတ်ပြန်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ အီလဲဗင်း/မြန်မာ

- ထိန်ပင်သုသာန်နှင့် အမှိုက်ပုံအတွက် သိမ်းဆည်းခံမြေယာလျော်ကြေး ကျပ်သိန်း ခြောက်သောင်း ကျော် ချထားပြီး

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်၊ 7 Day Daily/မြန်မာ

- သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရန် တောင်သူ ၁၀၀ ကျော် ဆန္ဒပြ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ ဧရာဝတီ/မြန်မာ

- ကသာ-ပန်းမော် မီးရထားလမ်း ဖောက်လုပ်မှုတွင် လယ်ယာမြေဆုံးရှုံးသူများကို နစ်နာကြေးပေးအပ်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်၊ အီလဲဗင်း/မြန်မာ

ဥပဒေပြုရေးနှင့် မူဝါဒဆိုင်ရာတိုးတက်မှုများ

- လေးလကြာ စစ်ရေးလှုပ်ရှားမှုများ ရပ်ဆိုင်းရန် တပ်မတော်ကြေညာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ အီလဲဗင်း

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

- အထွေထွေအုပ်ချုပ်ရေးဌာနကို ပြည်ထောင်စုအစိုးရလက်အောက်သို့ ပြောင်းရွှေ့မည်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ

- လူငယ်ပြန်လည်ထူထောင်ရေးစခန်းများကို လူကယ်ပြန်ဂန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်း

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်၊ လွတ်လပ်သော အာရုံအသံ/မြန်မာ

ဆက်သွယ်မေးမြန်းရန်
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁ (ထိုင်း)၊ + ၉၅၅(၀) ၉၄၂၈ ၀၂၃ ၈၂၈ (မြန်မာ)
အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅၅(၀) ၄၂၈၁၃၄၄၈